# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၇ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၇၆)


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၆

၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းတို့ကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်း

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

**ဆက်ကပ်လှူဒါန်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။


ယနေ့ ဖတ်စရာ

အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း စာ ၈

ငွေရောင် ဆူနာမီ လှိုင်းတံပိုးများ သို့မဟုတ် သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်း — ဆောင်းပါး စာ ၁၀

ပြင်သစ်နိုင်ငံ စိန်းမြစ်၌ အများပြည်သူရေကူးနိုင်ရန် နှစ်ပေါင်း ၁၀၀ အတွင်း ပထမဆုံးအကြိမ် ခွင့်ပြုပေး — နိုင်ငံတကာသတင်း စာ ၁၃

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ ရွှေဖုံးမှ

ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့ အမှူးပြုသော ဥပ္ပါတသန္တိ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြစဉ်။

*စာမျက်နှာ ၃ မှ*

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီးက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တက်ရောက်လာကြသူများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ *စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးကိုအခြေခံသည့် ခေတ်မီကုန်ချောထုတ်လုပ်မှု အားကောင်းလာစေရေး အားပေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

အသေးစား၊ အငယ်စားနှင့်အလတ်စား မွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများအတွက် ခိုင်မာသော ဈေးကွက် ဖော်ဆောင်နိုင်ကြစေရန်၊ ဈေးကွက်နှင့် ကိုက်ညီသော အရည်အသွေးပြည့် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အားပေး ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ယမန်နေ့က မန္တလေး တိုင်းဒေသကြီးရှိ ပုဂ္ဂလိကမွေးမြူရေးခြံများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် အမရပူရမြို့နယ်



မကျီးကိုင်းကျေးရွာရှိ မွေးမြူရေး တောင်သူ ဦးမျိုးထိုက်ဇော်၏ အလုံပိတ်အအေးခန်းစနစ်ဖြင့် ဥစားကြက် အကောင်ရေ ၂၈၅၀၀ မွေးမြူထားရှိမှုနှင့် စားသုံးသူဈေးကွက်သို့ တစ်ရက်လျှင် ကြက်ဥ ၂၆၀၀၀ ကျော် ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရှင်းလင်းဆောင်တွင် ဒေသခံ မွေးမြူရေးတောင်သူများ၏ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေမှု တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရေးအတွက် မွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းများ၊ ဇီဝလုံခြုံရေး အလေးထားဆောင်ရွက်ကြရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာရှိ သဘာဝတောင်တန်း နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်ရေးခြံသို့ ရောက်ရှိပြီး ဒိန်ချဉ်၊ နို့အေး၊ ပူတင်းနှင့် နို့ပေါင်း ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက စားသုံးသူဘေးကင်းလုံခြုံရေးနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း (ပုသိမ်ကြီး) သို့ ရောက်ရှိပြီး ပုသိမ်ကြီး၊ ရွှေဘိုနှင့်လုံပိကျောင်းများမှ တက်ရောက်ပညာ သင်ယူလျက်ရှိကြသည့် ကျောင်းသား ကျောင်းသူ ၄၄၄ ဦးအား တွေ့ဆုံ၍ သင်ကြားရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် လိုအပ်လျက်ရှိသည့် လက်တွေ့လုပ်ငန်းခွင် ကျွမ်းကျင်သူ လူသားအရင်းအမြစ်များ စနစ်တကျ မွေးထုတ်ပေးနိုင်ရေးအတွက် ဆရာ တပည့်ဟန်ချက်ညီ ကြိုးပမ်းသွားကြရန်၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဆွေးနွေးမှာကြားပြီး အာဟာရဖြည့်စွက်စာများ ပေးအပ်၍ သင်ထောက်ကူ နွား၊ ဆိတ်နှင့် ဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တိရစ္ဆာန်ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓ သာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

## နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများသည် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## Green Gold ကော်ဖီ သမဝါယမအသင်းမှ ကော်ဖီများတင်ပို့ရောင်းချ

တောင်ကြီး ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နှင့် ဟိုပုံးမြို့နယ်တို့ရှိ သမဝါယမအသင်းသားများ စုပေါင်းဖွဲ့စည်းထားသော Green Gold ကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပို့ကုန်အဖြစ် ကော်ဖီအဆန်စိမ်းများကို ဘယ်လ်ဂျီယံနိုင်ငံသို့ ယနေ့အထိ စုစုပေါင်းတန်ချိန် ၆၈ ဒသမ ၁၆ တန်ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း (၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး လျှောင်ဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များနေထိုင်လျက်ရှိသည့် Container House များ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ လျှောင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ ယာယီနေထိုင်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House များ တပ်ဆင်တည်ဆောက်ပြီးစီးမှု၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား Container House များသို့ ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများအတွက် Container House များ ဆောက်လုပ်၍ နေရာချထားသည့် နေပြည်တော်ဘူတာကြီး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံး(ရွာတော်)၊ ရုံးအမှတ်(၂)၊ ရုံးအမှတ်(၅)၊ နေပြည်တော်ဗဟိုစာတိုက်ကြီးနှင့် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနေရာများသို့ သွားရောက်၍ Container House များ ဆောက်လုပ်ပြီးစီးမှု၊ ဝန်ထမ်းနှင့်မိသားစုများအတွက် သောက်ရေသုံးရေ ရရှိရေး၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စားဖိုဆောင်များ စနစ်တကျ ဆောက်လုပ်ရန်၊ မိလ္လာနှင့် အခြေခံလိုအပ်ချက်များ ပြည့်စုံမှုရှိစေရေး ဆောင်ရွက်ပေးရန်၊ ဝန်ထမ်းများ ယာယီနေထိုင်လျက်ရှိသည့် နေရာများတွင် သီးပင်စားပင်များ စနစ်တကျ စိုက်ပျိုးရန်၊ အိမ်ရာအလိုက် တည်မြဲအမိန့် ထုတ်ပြန်ရန်၊ ဝန်ထမ်းများ အေးချမ်းသာယာပျော်ရွှင်စွာနေထိုင်နိုင်ရေး လိုအပ်ချက်များကို ဆောင်ရွက်ပေးရန်၊ တပ်ဆင်တည်ဆောက်ရန် ကျန်ရှိနေသော Container House များကို သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ပြောင်းရွှေ့ရန်ကျန်ရှိသော ဝန်ထမ်းများနှင့် မိသားစုဝင်များကို အမြန်ဆုံးနေရာချထားပေးနိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ ယာယီနေထိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House ၈၇၁ လုံးအနက် ၈၆၆ လုံး (၉၉ ဒသမ၄၂) ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား NSPU ၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၆

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University (NSPU)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ Naypyitaw State Polytechnic University (NSPU) မှ ပါမောက္ခချုပ်၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ဗာဒံပင်ကို ဦးဆောင်စိုက်ပျိုးပေး၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများကသတ်မှတ်နေရာအသီးသီး၌ ဗာဒံပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသည့် အရာထမ်း၊ အမှုထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သတ်မှတ်နေရာအသီးသီးတွင် ဗာဒံ၊ ဆီသပြေ၊ ပိတောက်၊ စိန်ပန်း၊ စက္ကူပန်း၊ မာလကာ၊ သြဇာ၊ ခရေ၊ မဟော်ဂနီနှင့် Fox Tail ပင်များကို တပျော် တပါး စုပေါင်းစိုက်ပျိုးပေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ယနေ့ကျင်းပသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ Naypyitaw State Polytechnic University(NSPU)တွင် အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် အလှပန်းပင်များဖြစ်သော ဗာဒံ၊ ဆီသပြေ၊ ပိတောက်၊ စိန်ပန်း၊ စက္ကူပန်း၊ မာလကာ၊ သြဇာ၊ ခရေ၊ မဟော်ဂနီနှင့် Fox Tail ပင် စုစုပေါင်း ၂၁၁၉ ပင်ကိုလည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တွင်လည်း ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများက ခရေ၊ ကံ့ကော်နှင့် ပိတောက် စုစုပေါင်းအပင် ၂၁၀ ကို စိုက်ပျိုးခဲ့ကြသည်။ ယခုနှစ် မိုးရာသီကာလအတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် အရိပ်ရလေကာပင်များ၊ နှစ်ရှည်သီးပင်စားပင်များနှင့် အလှပန်းပင်များ စုစုပေါင်း ၂၃၂၉ ပင်ကို စနစ်တကျ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သတင်းမီဒီယာ သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီက သတင်းမီဒီယာသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ဇူလိုင် ၄ ရက် ညနေပိုင်းက သတင်းမီဒီယာသင်တန်း အမှတ်စဉ် (၃) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ သင်တန်းဆင်းပွဲကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ကျော်ဒင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားများအား မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များကသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းအမှတ်စဉ်(၃)ကို ဇွန် ၁၃ ရက်မှ ဇူလိုင် ၄ ရက်အထိ အပတ်စဉ် သောကြာနေ့တိုင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၆

**ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။**

ဦးစွာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယနေ့ ဇူလိုင် ၆ ရက်သည်မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်မှုများအား အသိအမှတ်ပြုသည့် ဂုဏ်ယူဖွယ် နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် လူဦးရေ ၈ ဒသမ ၂ ဘီလီယံရှိသည့်အနက် ၄၃ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသ၌ နေထိုင်ကြသည့်သူများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ လူဦးရေ ၅၁ ဒသမ ၃ သန်းအနက် ၆၉ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်ကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်က ဖွံ့ဖြိုးမှုနိမ့်ကျခဲ့သော ကျေးလက်ဒေသများသည် ယခုအခါ သိသာစွာဖွံ့ဖြိုးတိုးတက်လာသော်လည်း ဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များစွာရှိနေသော ကျေးရွာအချို့လည်းရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်တန့်ရောင်စီမံကိန်းဖော်ဆောင်၍ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဝင်ငွေတိုးစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် အသေးစား၊ အငယ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ကျေးလက်လမ်းနှင့် ကုန်ထုတ်လမ်းတံတားများဖောက်လုပ်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြစိမ်းရောင်၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း၊ အသက်မွေးဝမ်းကျောင်းများဖြင့် ကျေးလက်စီးပွားမြင့်မားရေးဆောင်ရွက်ခြင်း၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြင့် ရပ်ရွာအခြေပြုဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကိုနှစ်စဉ်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ် ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့၏ဆောင်ပုဒ်ဖြစ်သော **"တို့ကမ္ဘာမြေတိုးတက်ပြောင်းလဲဖို့ ကျေးလက်စွမ်းအားမြှင့်တင်စို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (Centre on Integrated Rural Development for Asia and the Pacific –CIRDAP ) ညွှန်ကြားရေးမှူးချုပ်မှ ပေးပို့သော ဝမ်းမြောက်စကား မှတ်တမ်းဗီဒီယိုကိုလည်းကောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးအကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုလည်းကောင်း ပြသသည်။

ယင်းနောက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က စဉ်ဆက်မပြတ်ကျေးလက်ဖွံ့ဖြိုးရေးအတွက် မူဝါဒဦးစားပေးမှုနှင့် ပြည်သူပူးပေါင်းပါဝင်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Water Aim မှ Advisor Mr. Shihab Uddin Ahamad က Unlocking the Potential of Regional Cooperation for Rural Transformation in Myanmar: A Pathway to Sustainable Deve–lopment ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပြောကြားကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိခဲ့သည့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဦးစီးမှူးများကို ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာကြသည့် တရုတ်နိုင်ငံသား ၁၇ ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စာရင်းကောက်ယူနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသည့်နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင့်လွှဲပြောင်းမှု ကြီးကြပ်ရေးဗဟိုကော်မတီအတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် မြဝတီမြို့ရှိ နယ်ခြားစောင့်တပ် (BGF) လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကွပ်ကဲရေးရုံးသို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်လာကြသည့် တရုတ်နိုင်ငံသား ၁၇ ဦး၊ ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်အချက်အလက်များ စာရင်းကောက်ယူနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကို စာရင်းဇယားအချက်အလက်များ မှန်ကန်မှုရှိစေရေးနှင့် လုပ်ငန်းများ စနစ်တကျဖြင့် မြန်ဆန်စွာဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၉၈ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၉၈၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၁ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံးစစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းအား ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနအနေဖြင့် ဌာနက ကြီးကြပ်လျက်ရှိသော စီမံကိန်းသီးနှံများ အောင်မြင်ဖြစ်ထွန်းရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးကို စဉ်ဆက်မပြတ် ကွင်းဆင်းကြီးကြပ် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာ မင်းကုန်းစိုက်/ထုတ် သမဝါယမအသင်း၏ အသင်းသားဦးရေ ၁၀ ဦး၊ စိုက်ဧက ၂၇ ဧက၊ ထယ်ရေးပြင်ထားသော မိုးစပါးစိုက်ခင်းအား သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီးပွား) ဦးအောင်ပြည်စိုးက ကွင်းဆင်းကြည့်ရှုပြီး မိုးစပါးများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါ ခံနိုင်ရည်ရှိကာ အထွက်နှုန်း အထူးကောင်းမွန်သော တောင်သူစိုက်လိုသည့် မျိုးစပါးများအား စိုက်ပျိုးချိန်အမီ တောင်သူလက်ဝယ်ရောက်ရှိရေး၊ ပျိုးထောင်စိုက်ပျိုးခြင်းအားဖြင့် စနစ်တကျ ကောက်ကွက် ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ မြေဩဇာ၊ သွင်းအားစုများ အချိန်ကိုက် အချိုးချ ထည့်သွင်းနိုင်မှသာ အထွက်နှုန်းကောင်းမည်ဖြစ်သဖြင့် ဌာန တာဝန်ရှိသူများအနေဖြင့် တောင်သူ၏ လိုအပ်ချက်များအား စိုက်ပျိုးချိန်အမီ အချိန်ကိုက်ရရှိရေးနှင့် ပန်းတိုင်အထွက်နှုန်း ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးတို့အား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးဝင်း(ပြန်/ဆက်)**



# အစိုးရဓမ္မာစရိယစာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ကျမ်းရင်း သုံးကျမ်းအောင်(ကျမ်းပြီး) (၁၁၄၈)ပါး/ဦး၊ နှစ်ကျမ်းအောင် (၁၁၁၄)ပါး/ဦး၊ တစ်ကျမ်းအောင် (၁၂၉၆)ပါး/ဦး၊ ပါဠိဂုဏ်ထူးအောင်(၁)ပါး၊ မြန်မာဂုဏ်ထူးအောင်(၁၃)ပါး၊ စုစုပေါင်း(၃၅၇၂)ပါး/ဦး အောင်မြင်ကြသည်။

စုစုပေါင်းဖြေဆိုသူ (၁၇၅၆၂)ပါး/ဦးအနက် အောင်မြင်သူ(၃၅၇၂)ပါး/ဦးဖြစ်၍ ၂၀ ဒသမ ၃၃ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအနက် ဓမ္မာစရိယသုံးကျမ်းအောင် (ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမ) ရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (အဂ္ဂမဟာကျော်) | ၿခ-၃၀၂ | ဦးဇနကာလင်္ကာရ ၁၀/သဖရ(သ)၀၀၉၉၂ | ဓမ္မဝိနယရံသီကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၂။ | ဒုတိယ | ၿခ-၂၂၆ | ဦးဉာဏဝရ ၉/ ပသက(သ)၀၀၃၅၈၆ | ဓမ္မထေရိယကျောင်း မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ |
| ၃။ | တတိယ | ကရ-၁/၁ | ဦးသုနန္ဒာလင်္ကာရ ၂/လကန(သ)၀၀၁၂၈၈ | ပဋ္ဌနိကာယသာသနာ့ဗိမာန် ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၄။ | သီလရှင် ပထမ | ၿက-၁၁၉၃ | မအညေသီ ၉/အမဇ(သီ)၀၁၆၃၆ | အတုလဝတီ(သီ)စာသင်တိုက် အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ |

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယစာမေးပွဲ အောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင် ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇူလိုင် ၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ (၆၁၀၆)ပါး/ ဦးအနက် (၉၂၆) ပါး/ဦး အောင်မြင်၍ (၁၅)ရာခိုင်နှုန်း၊ ပထမလတ်တန်းတွင် ဖြေဆိုသူ (၇၅၇၆)ပါး/ဦးအနက် (၁၄၆၅) ပါး/ဦး အောင်မြင်၍ (၁၉)ရာခိုင်နှုန်း၊ ပထမငယ်တန်းတွင် ဖြေဆိုသူ (၁၃၂၃၅)ပါး/ဦးအနက် (၃၈၂၀) ပါး/ဦး အောင်မြင်၍ (၂၉) ရာခိုင်နှုန်း၊ အခြေပြုမူလတန်းတွင် ဖြေဆိုသူ (၁၉၄၉၇)ပါး/ဦးအနက် (၈၁၃၇) ပါး/ဦး အောင်မြင်၍ (၄၂) ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၇ ခုနှစ်(၂၀၂၅ ခုနှစ်)၊ ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ (ပထမကျော်) | စက-၃ | ဦးကောဝိဒါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၁ | ဦးကိတ္တိဇဝါလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | ဦးဝိသိဋ္ဌဝံသာလင်္ကာရ | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | ကူး-၈၀ | မဆေကတရာထေရီ | ဖားအောက်တောရ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မဟမ-၁၈၄ | ရှင်ကောဝိဒ | မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | စက-၂၀ | ဦးဝီရာနန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃။ | တတိယ | စက-၂၃ | ဦးသုပညိန္ဒာလင်္ကာရ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | မုံ-၂၀၉ | မရူပစန္ဒာ | မေတ္တာဂုဏ်ဝေ သီလရှင်စာသင်တိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | စက-၂၈ | ရှင်နေမိန္ဒ | မြစကြာကျောင်းတိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ကွေး-၃၉ | ဦးဓမ္မပိယ | အောင်မြေရတနာကျောင်းတိုက် မကွေးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၃။ | တတိယ | စိန်-၁ | ရှင်အာလောက | ရွှာမပရိယတ္တိစာသင်တိုက် အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၅၁၆ | မနိမလဉာဏီ | သကျဓိတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ | မုံ-၂၀၃ | ရှင်ဝိသိဋ္ဌ | သာသနာရောင်ခြည်ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | သင်း-၁၁၈ | ရှင်ရေဝတ | ရန်အောင်မင်းကျောင်းတိုက် ရမည်းသင်းမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၃။ | တတိယ | မဟမ-၁၉ | ဦးဣန္ဒက | မစိုးရိမ်တိုက်သစ် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၄။ | သီလရှင် ပထမ | စက-၆၁၁ | မဘဒ္ဒကာမီ | သကျဓိတာသီလရှင်စာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲ အောင်စာရင်း အပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မဲခေါင်-လန်ချန်း စီမံကိန်း (၂၀၂၄)ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာမျှဝေဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၄) စီမံကိန်း အစီအစဉ်ဖြင့် နေပြည်တော် ဇေရိယာအတွင်းရှိ နွားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာနှင့် ဗဟုသုတ မျှဝေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်က နေပြည်တော် လယ်ဝေးမြို့နယ် မန်ကျည်းကုန်းကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ခွဲစိတ်ကုနှင့် မျိုးပွားပညာဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာစိုးဝင်းနိုင်က မဲခေါင်-လန်ချန်းစီမံကိန်းဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအကြောင်းနှင့် တွဲဖက်ပါမောက္ခ ဒေါက်တာသက်စုမြတ်၊ တွဲဖက်ပါမောက္ခ ဒေါက်တာအေးစိုး၊ တွဲဖက်ပါမောက္ခ ဒေါက်တာစိုးဝင်းကျော်၊ တွဲဖက်ပါမောက္ခ ဒေါက်တာ ဟေမာကျော်တို့က နွားများ၏ မျိုးပွားအင်္ဂါဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်း၊ မျိုးအောင်နှုန်းကောင်းစေရန် ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ မျိုးပွားခြင်း၊ ကူးစက်ရောဂါများနှင့် ဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများကို ရှင်းလင်းဟောပြောရာ နွားမွေးမြူတောင်သူများက ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တိုက်ကြီးမွေးမြူရေးဇုန် သနပ်ချောင်းပိတ်တမံအတွင်း ငါးမြစ်ချင်းသုံးသိန်း ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု သနပ်ချောင်းပိတ်တမံအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ ကျေးရွာနေပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများသို့ ငါးသားပေါက်များ လွှဲပြောင်းပေးအပ်ကာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တက်ရောက်လာသော ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများနှင့် တာဝန်ရှိသူများက သနပ်ချောင်းပိတ်တမံအတွင်းသို့ ငါးသားပေါက်ကောင်ရေ ငါးမြစ်ချင်းသုံးသိန်းကို စိုက်ထည့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စွန့်ပစ်အမှိုက်များကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးအတွက် စက္ကူအပိုင်းအစ၊ စက္ကူအိတ်နှင့် ကတ်ထူများကဲ့သို့သော အမှိုက်ခြောက်၊ စားကြွင်း စားကျန်များကဲ့သို့သော အမှိုက်စို၊ ဖန်၊ သံဘူးနှင့် သတ္တုဘူးများကဲ့သို့သော အန္တရာယ်ရှိသောအမှိုက်၊ ပလတ်စတစ်ဘူး/ခွက်/အိတ်များကဲ့သို့သော ပလတ်စတစ်အမှိုက်များကို ခွဲခြားစွန့်ပစ်နိုင်ရေး အသိပညာပေး ပြောကြားကြသည်။

ထို့နောက် တိုက်ကြီးမွေးမြူရေးဇုန်အတွင်း National Wood နွားမွေးမြူရေးခြံတွင် အကောင်ရေ ၂၅၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ Family Myanmar ဥစားကြက်မွေးမြူရေးခြံတွင် အကောင်ရေ ၂၅၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ မြတ်မင်းကုမ္ပဏီလီမိတက်မှ အသားတိုးဝက်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ ဆောက်လုပ်နေမှုကို လည်းကောင်း၊ သာယာကုန်းကုမ္ပဏီလီမိတက်မှ အသားတိုးကြက်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ ဆောက်လုပ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အဖွဲ့သည် ဇူလိုင် ၆ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကုက္ကိုဝကျေးရွာသို့ ရောက်ရှိပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးက Bored Pile တူးဖော်ပြီးစီးမှုအခြေအနေများ၊ ကမ်းထိန်းတမံအလျားပေ ၈၅၀ ဆောင်ရွက်မည့်အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြားသည်။



အဆိုပါ ကုက္ကိုဝကျေးရွာ ကမ်းပြို ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက် ပေးနိုင်ခြင်းအားဖြင့် ရှေးဟောင်းဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိက အဆောက်အအုံများနှင့် ဒေသခံများ၏ နေအိမ်များ ထိခိုက်ပျက်စီးမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ပျဉ်းမနား ဇူလိုင် ၆**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် တာဝန်ရှိသူများသည် ဇီးဖြူပင်ကျေးရွာအုပ်စု သစ်ဆိမ့်ပင်ကျေးရွာအဆင့်မြင့်လယ်ယာသို့ ရောက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်အတွင်း ပေါ်ဆန်းစပါး စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ယနေ့တွင် တောင်သူဦးသန်းဇော်ဦး၏ နွေစပါးရိတ်သိမ်းနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင်က တောင်သူများကို ဝင်ငွေရလမ်းပိုမိုရရှိစေရန်၊ ရာသီပေါ်သီးနှံများစိုက်ပျိုးကြရန်၊ စိုက်ပျိုးရေ လုံလောက်စွာရရှိရေးနှင့် လိုအပ်သည့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးမည့် အခြေအနေများကိုပြောကြားပြီး ပေါ်ဆန်းစပါး ရိတ်သိမ်းနေမှု၊ ရိတ်သိမ်းပြီးစပါးများ ချိန်တွယ်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် နှမ်းတောကျေးရွာရှိ တောင်သူများနှင့် တွေ့ဆုံပြီး ပြောင်းနှင့် နှမ်းစိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပပြုလုပ်သည့် နေပြည်တော်/ ခရိုင်/ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**

# သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အာမခံထားရှိလာ

**ရန်ကုန် ဇူလိုင် ၆**

ငလျင်ကဲ့သို့ သဘာဝဘေးဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးမှုများအတွက် အာမခံထားရှိခြင်းသည် မိသားစုအနာဂတ်ဘဝ လုံခြုံမှုကို အထောက်အပံ့ကောင်းများ ရရှိနိုင်သည့်အတွက် ရန်ကုန်မြို့ရှိ အထပ်မြင့်ကွန်ဒိုများတွင် နေထိုင်သူများ အာမခံထားရှိလာကြကြောင်း ရန်ကုန်မြို့ မြန်မာအာမခံလုပ်ငန်းမှ သိရသည်။

"မီးအာမခံ ယူထားတယ်ဆိုရင် သဘာဝဘေးအန္တရာယ် ၁၁ မျိုးအတွက်ပါထည့်ပြီး အာမခံယူလို့ရပါတယ်။ ဒီ ၁၁ မျိုးထဲမှာ ငလျင်လည်း ပါပါတယ်။ ဒီလို အာမခံယူထားမယ်ဆိုရင် ဆုံးရှုံးမှုတွေ တွေ့ကြုံလာရရင် အာမခံလျော်ကြေး ပြန်ပေးပါတယ်။ မန္တလေးငလျင်ကြောင့် သဘာဝဘေးအတွက် အာမခံထားရမယ်ဆိုတာ နားလည်လာကြတယ်။ အာမခံထားလာကြတယ်" ဟု မြန်မာ့အာမခံလုပ်ငန်း(ရန်ကုန်)မှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာလင်းက ပြောကြားသည်။ မြန်မာအာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်းများသည် မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများတွင် အာမခံထားရှိသည့် အဆောက်အအုံ၊ ယာဉ်များနှင့် အသက်အာမခံတို့အတွက် လျော်ကြေးများ ပေးအပ်လျက်ရှိသည်။

"ကျွန်တော်တို့ အာမခံလုပ်ငန်းအနေနဲ့ တစ်ပတ်တစ်ကြိမ်ဖြစ်စေ၊ နှစ်ပတ်တစ်ကြိမ်ဖြစ်စေ အာမခံလုပ်ငန်းနဲ့ ပတ်သက်တာတွေကို Facebook Page နဲ့ KBZ MS ဝက်ဘ်ဆိုက်မှာ ဘယ်လိုဝန်ဆောင်မှု ပေးနေတယ်ဆိုတာကို တင်ပေးပါတယ်။ အာမခံထားရှိခြင်းဖြင့် ဆုံးရှုံးမှုတွေအပေါ် ဘယ်လိုတွေပြန်လည်ရရှိတယ်ဆိုတာကို ဝင်ရောက်ကြည့်ရှု လေ့လာလို့ရပါတယ်။ အာမခံဝန်ဆောင်မှုတွေကတော့ အမျိုးမျိုးရှိပါတယ်" ဟု KBZ MS မှ ဦးကျော်ဇေဟန်က ပြောပြသည်။

မန္တလေး ငလျင်ကြောင့် ရန်ကုန်မြို့ရှိ အထပ်မြင့် ကွန်ဒိုအချို့တွင် အခန်းနံရံများ အက်ရာ၊ အက်ကြောင်း ဖြစ်ပေါ်သည်များ ရှိခဲ့ရာ အာမခံထားရှိသည့် ကွန်ဒိုနေထိုင်သူများ အာမခံရရှိခဲ့ကြသည့်အတွက် အထပ်မြင့် ကွန်ဒိုများတွင် နေထိုင်ကြသူများသည် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုများ အတွက်ပါ အာမခံထားရှိလာကြကြောင်း သိရသည်။

**သစ္စာ(mna)၊ ဓာတ်ပုံ - ဖွဲ့မာန်**



ကမ္ဘာအေးဘုရားလမ်းပေါ်ရှိ ကေအီးအာကွန်ဒိုကို တွေ့ရစဉ်။

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ။**

# ငွေရောင် ဆူနာမီ လှိုင်းတံပိုးများ သို့မဟုတ် သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်း

စည်သူကျော်

- ❂ စာရင်းဇယားများအရ ၂၀၂၆ ခုနှစ်တွင် သက်ကြီးစောင့်ရှောက်မှုလုပ်ငန်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြပြီး သက်ကြီးလူဦးရေပမာဏ တိုးတက်များပြားလာခြင်း (Silver Tsunami ဖြစ်လာခြင်း)နှင့်အတူ ဆက်လက်၍လည်း ယင်းလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ခန့်မှန်းထားကြ
- ❑ ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့သည် လူသားအရင်းအမြစ်ကိုအခြေခံသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သောကြောင့် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်မည်ဆိုပါက စွမ်းဆောင်ရည်မြင့်မားသော လူသားအရင်းအမြစ်များ မွေးထုတ်ပျိုးထောင်ပေးရန်မှာ အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးသာမက ဧည့်ဝန်ဆောင်မှုနှင့် ပတ်သက်သောခံယူချက်နှင့် အလေ့အကျင့်တို့ကိုပါ မွေးမြူထားရှိရေးကို ပြုစုပျိုးထောင်ရန်လိုအပ်မည်ဖြစ်

ယနေ့ကမ္ဘာပေါ်၌ သက်ကြီးရွယ်အိုလူဦးရေပမာဏသည် တိုးမြင့်လာသည်ဟု ဆိုသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းထုတ်ပြန်ချက်အရ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာပေါ်၌ လူခြောက်ဦးလျှင် တစ်ဦးသည် အသက် ၆၀ အထက်နှုန်း ဖြစ်လာမည်ဖြစ်သည်။ အရေအတွက်အားဖြင့် ၁ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိလာမည်ဖြစ်ပါသည်။ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မားကောင်းမွန်သော နိုင်ငံများဖြစ်သည့် ဂျပန်၊ ဂျာမနီ၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု စသည့်နိုင်ငံများတွင် အသက် ၆၅ နှစ်အထက် သက်ကြီးရွယ်အို အရေအတွက်သည် နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းအထက်ရှိကြောင်း သိရှိရသည်။ ယင်းသို့သော အခြေအနေများကြောင့် ၎င်းသက်ကြီးရွယ်အိုများကို ငွေရောင်ဆူနာမီလှိုင်းများ (Silver Tsunami) ဟု ရည်ညွှန်းခေါ်ဆိုလာခြင်း ဖြစ်ပါသည်။

ယင်းအသက်အရွယ်အပိုင်းအခြား ပမာဏကြီးထွားပြောင်းလဲလာမှုသည် ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်လာခဲ့သည်။ သက်ကြီးရွယ်အို လူဦးရေပမာဏ တိုးတက်လာသည်နှင့်အတူ ၎င်းတို့ကို ပြုစုစောင့်ရှောက်မှုပေးသည့် ဝန်ဆောင်မှုလုပ်ငန်းသည်လည်း အရေးကြီးသောလုပ်ငန်းတစ်ခု ဖြစ်လာသည်။ သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ ဘဝနေဝင်ချိန်ကို သက်သောင့်သက်သာစိတ်ချမ်းမြေ့စွာဖြင့် အပူအပင်ကင်းကင်း ကုန်ဆုံးနိုင်စေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမြင့်မား၍ ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်သည့်နေရာများသို့ ပြောင်းရွှေ့ခြင်း၊ ရာသီဥတုကောင်းမွန်သည့် ကာလတစ်ခုအတွင်း ပြောင်းရွှေ့နေထိုင်ခြင်း (ဥပမာ- နွေရာသီအပူရှောင်ခြင်း၊ ဆောင်းရာသီတွင် နွေးထွေး၍ နေရောက်ခြည်ရရှိသော နေရာများတွင် သွားရောက်နေထိုင်ခြင်း) တို့ကို ပြုလုပ်လာကြသည်။

တည်ငြိမ်အေးချမ်းမှုမရှိသောဒေသများ၊ သဘာဝဘေးအပါအဝင် ဘေးအန္တရာယ်ကျရောက်တတ်သည့်ဒေသများမှ သက်ကြီးရွယ်အိုများသည်လည်း ၎င်းတို့၏ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံမှုတို့ကို ပေးစွမ်းနိုင်သည့်နေရာများ၊ ဂေဟာများကို ပြောင်းရွှေ့နေထိုင်မှုများ ပြုလုပ်လာကြသည်။ သို့ဖြစ်ရာ Elderly Care Tourism ဟုခေါ်သော သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းသည် တဖြည်းဖြည်းတွင်ကျယ်လာခဲ့ပြီး ပီပြင်သော ခရီးသွားလုပ်ငန်းပုံစံတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့သည်။ ခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေသူများကလည်း သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို စိတ်ဝင်တစား ဦးတည်ဖော်ဆောင်လာကြသည်ကို တွေ့ရှိရသည်။

သက်ကြီးရွယ်အို စောင့်ရှောက်မှုခရီးသွားလုပ်ငန်း (Elderly Care Tourism – ECT) သည် ဆေးပညာရပ်နှင့် နည်းပညာများ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူသည့် ခရီးသွားလုပ်ငန်း (Medical Tourism) နောက်တွင် နောက်ဆက်တွဲအဖြစ်ပေါ်ထွက်လာသည့် ခရီးသွားလုပ်ငန်းဟု ဆိုရမည်ဖြစ်သည်။ ၎င်းခရီးသွားလုပ်ငန်း ပုံစံနှစ်ရပ်သည်လည်း အခြားသော ခရီးသွားလုပ်ငန်းများနှင့် နှိုင်းစာပါက တစ်နည်းတစ်ဖုံအားဖြင့် ဆက်နွှယ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

စာရင်းဇယားများအရ ၂၀၂၆ ခုနှစ်တွင် သက်ကြီးစောင့်ရှောက်မှုလုပ်ငန်းသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းထားကြပြီး သက်ကြီးလူဦးရေပမာဏ တိုးတက်များပြားလာခြင်း (Silver Tsunami ဖြစ်လာခြင်း) နှင့်အတူ ဆက်လက်၍လည်း ယင်းလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်လာမည်ဟု ခန့်မှန်းထားကြပါသည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် ရှေ့တန်းသို့ရောက်ရှိနေသော နိုင်ငံများသာမက ခရီးသွားလုပ်ငန်းဖြင့် နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံများကပါ အလားအလာရှိသော သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို အာရုံစိုက်ဖော်ဆောင်လာကြသည်ကို တွေ့ရှိရသည်။

ထိုနိုင်ငံများအနက် သီရိလင်္ကာနိုင်ငံသည်လည်း သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို အာရုံစိုက်လာသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သီရိလင်္ကာနိုင်ငံသည် စာရင်းဇယားများအရ နှစ်စဉ်သူနာပြုဦးရေ ၆၀၀၀ ကျော် လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက်ရှိသည်။ သီရိလင်္ကာသူနာပြုများသည် ဗြိတိန်၊ အီတလီ စသည့် ဥရောပနိုင်ငံများနှင့် ဩစတြေးလျ၊ အာရှအရှေ့အလယ်ပိုင်းနိုင်ငံများတွင် ငှားရမ်းခေါ်ယူမှုအများဆုံး စာရင်းဝင်သူနာပြုများဖြစ်ကြသည်။ ထို့ကြောင့် သီရိလင်္ကာနိုင်ငံသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဧည့်ဝန်ဆောင်မှုအတွက် လူသားအရင်းအမြစ် ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ယင်းအချက်သည် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းဖော်ဆောင်ရန်အတွက် အရေးပါသော အချက်တစ်ချက်ဖြစ်ပါသည်။ သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းဖော်ဆောင်ရန်အတွက် သီရိလင်္ကာနိုင်ငံ၌ လူသားအရင်းအမြစ်ကြွယ်ဝမှုအပြင် အခြားသော အားသာချက်များရှိကြောင်းကိုလည်း ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများက သုံးသပ်ပြထားသည်များလည်း ရှိပါသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရှင်များ၏ သုံးသပ်ချက်အရ သီရိလင်္ကာနိုင်ငံသည် မပူလွန်း၊ မအေးလွန်းသော သမမျှတသည့် ရာသီဥတုရှိသဖြင့် သက်ကြီးရွယ်အိုများအတွက် နေထိုင်ရန် သင့်တော်မှုရှိခြင်း၊ ကိုလိုနီခေတ်လက်ရာ အငွေ့အသက်ရှိသည့် အဆောက်အအုံ၊ ဘန်ဂလိုများ တည်ရှိနေခြင်း၊ လုပ်သားနှင့်မြေယာပေါများခြင်း၊ ရိုးရာကုထုံးများနှင့် ခေတ်မီကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် အဆင့်အတန်းရှိခြင်း၊ တည်ငြိမ်အေးချမ်းပြီး ဧည့်ဝတ်ပျူငှာသောနိုင်ငံအဖြစ် ပုံဖော်မြှင့်တင်လာနိုင်ခြင်း၊ ဗုဒ္ဓဘာသာကို အဓိကကိုးကွယ်သော နိုင်ငံဖြစ်သဖြင့် တရားဘာဝနာများ ကျင့်ကြံအားထုတ်နိုင်ခြင်း (ဤတွင် သက်ကြီးရွယ်အိုများအတွက် ဘာသာရေးခရီးသွားလုပ်ငန်း Religious Tourism, Meditation Tourism အဖြစ်လည်း ပေါင်းစပ်မြှင့်တင်ဆောင်ရွက်နိုင်ပါသည်။)၊ စိမ်းလန်းသော လက်ဖက်စိုက်ခင်းများနှင့် သာယာလှပသော တောင်ကုန်းများရှိခြင်းတို့ကြောင့် အပန်းဖြေခရီးသွားလုပ်ငန်း (Leisure Tourism) ကိုသာမက သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အားသာချက်များ ရှိနေပါသည်။

ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက ဖော်ပြပါ အားသာချက်များ သက်သက်ဖြင့်သာ သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ရန် တွန်းအားပေးနေသည်မဟုတ်။ အခြားသော အလားအလာနှင့်အခွင့်အလမ်းများလည်းရှိနေသည်ကို လေ့လာဖော်ထုတ်တင်ပြကြသည်။ ၎င်းလေ့လာချက်များတွင် သီရိလင်္ကာနိုင်ငံသို့ လာရောက်လည်ပတ်မှုများပြားသော ခရီးသွားဧည့်သည်များတွင်ပါဝင်သည့် ဗြိတိန်နိုင်ငံ၌ ကြည့်ရှုစောင့်ရှောက်ရန် လိုအပ်လျက်ရှိသည့် သက်ကြီးဘိုးဘွားအရေအတွက်သည် ငါးသိန်းခန့်ရှိ၍ ပြည်ပနိုင်ငံများသို့ သွားရောက်နေထိုင်လည်ပတ်လိုသောဆန္ဒရှိခြင်း၊ အခြားဥရောပနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံတွင် ၂၀၃၅ ခုနှစ်၌ အသက် ၆၇ နှစ်အထက် လူဦးရေသည် ငါးသန်းခန့်အထိ ရှိလာမည်ဟု ခန့်မှန်းထားခြင်း၊ ဂျပန်နိုင်ငံတွင် ၂၀၃၀ ပြည့်နှစ်၌ လူသုံးဦးတွင် တစ်ဦးသည် ၆၅ နှစ် အထက်ရှိလာမည်ဖြစ်ခြင်း၊ အရှေ့အလယ်ပိုင်းဒေသများမှ ကြွယ်ဝသော သက်ကြီးရွယ်အိုများ၊ ပင်စင်စားများသည် ရာသီဥတုကောင်းမွန်၍ စိမ်းလန်းစိုပြည်သော ဒေသများတွင် ကာလရှည်နေထိုင်လိုခြင်း၊ သီရိလင်္ကာနိုင်ငံအတွင်း၌ပင် လက်ရှိတွင် အသက် ၆၀ အထက် လူဦးရေသည် နိုင်ငံလူဦးရေ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး ဆက်လက်တိုးတက်လျက်ရှိခြင်းကြောင့် ကျန်းမာရေးနှင့် သက်ကြီးစောင့်ရှောက်မှုပေးခြင်း ဝန်ဆောင်မှုလုပ်ငန်းများတိုးမြှင့်ချဲ့ထွင်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံတွင် အကောင်အထည်ဖော်မြှင့်တင်ရန် အခြေအနေကောင်းများ ရှိနေသည်။

သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အားသာချက်၊ အခွင့်အလမ်းများရှိသကဲ့သို့ ဖြည့်ဆည်းဆောင်ရွက်ရမည့် လိုအပ်ချက်များလည်းရှိပါသည်။ ၎င်းလိုအပ်ချက်များတွင် ခရီးသွားလုပ်ငန်း၌ အဓိကလိုအပ်သော လုပ်ငန်းစဉ်ဖြစ်သကဲ့သို့ သက်ကြီးခရီးသွားများ နေထိုင်မည့်နိုင်ငံသို့ အဆင်ပြေချောမွေ့စွာ သွားရောက်နေထိုင်နိုင်ရေးအတွက် အရေးကြီးသော လုပ်ငန်းရပ်တစ်ခုလည်းဖြစ်သည့် ဗီဇာထုတ်ပေးခြင်းလုပ်ငန်းဖြစ်ပါသည်။ သွားရောက်မည့်နိုင်ငံသို့ အဆင်ပြေလွယ်ကူချောမွေ့စွာဝင်ရောက်၍ လိုအပ်သော ကာလအတိုင်းအတာတစ်ခုအထိ နေထိုင်ခွင့်ရနိုင်မှသာ သက်ကြီးရွယ်အိုခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ထိုင်းနိုင်ငံတွင် ပင်စင်စားခရီးသွားများ လာရောက်ရေးအတွက် ဆွဲဆောင်ခေါ်ယူသည့်အနေဖြင့် အငြိမ်းစားဗီဇာ (Retirement Visa) ကို စည်းကမ်းသတ်မှတ်ချက်များ ရေးဆွဲပြဋ္ဌာန်း၍ ထုတ်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။

အငြိမ်းစားဗီဇာထုတ်ပေးရာတွင် အသက် ၅၀ နှင့်အထက် ပုဂ္ဂိုလ်များကိုထုတ်ပေးပြီး အငြိမ်းစားဗီဇာလျှောက်ထားနိုင်ရန်အတွက် သတ်မှတ်ငွေကြေးပမာဏတစ်ရပ် (အနိမ့်ဆုံး ထိုင်းဘတ် ရှစ်သိန်း) ကို ထိုင်းဘဏ်တစ်ခုခုတွင် ဗီဇာမလျှောက်ထားမီ နှစ်လကြိုတင်၍ အပ်နှံထားရမည်ဖြစ်ပြီး လစဉ်ဝင်ငွေအဖြစ် အနည်းဆုံး ဘတ် ၆၅၀၀၀ ရှိရမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ အငြိမ်းစားခရီးသွားများ ဝင်ရောက်နေထိုင်မှုမှ ထိုင်းနိုင်ငံအတွင်းသို့ ငွေကြေးစီးဝင်မှုတိုးပွားလာမည်ဖြစ်သည်။ ဗီဇာသက်တမ်းမှာ ဗီဇာအမျိုးအစားနှင့်လျှောက်ထားသည့် နိုင်ငံသားများအပေါ်မူတည်၍ ဗီဇာသက်တမ်း(ခွင့်ပြုကာလ) ကွဲပြားသွားမည်ဖြစ်သည်။ သို့ရာတွင် အငြိမ်းစားဗီဇာသည် ကာလရှည် (Long Stay) ဗီဇာအမျိုးအစားတစ်ခု ဖြစ်ပါသည်။

သီရိလင်္ကာနိုင်ငံသည်လည်း သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် အကြံပြုချက်များတွင် ငါးနှစ်မှ ၁၀ နှစ်အထိ ခွင့်ပြုပေးနိုင်သည့် အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ (Multientry Visa) ကို သက်ကြီးခရီးသွားများသို့ ထုတ်ပေးနိုင်ရေးနှင့် ၎င်းတွင် နိုင်ငံအတွင်း ကာလရှည်နေထိုင်မှုအတွက် ကျန်းမာရေးအာမခံထားရှိရေး ဝင်ငွေအထောက်အထားတို့ကို ခိုင်ခိုင်မာမာတင်ပြနိုင်ရန် ထည့်သွင်းအကြံပြုတင်ပြထားသည်ကို တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၁ သို့*

# မြိတ်မြို့၏ ဆဋ္ဌမအကြိမ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြိတ် ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး ဆဋ္ဌမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ယမန်နေ့က မြိတ်မြို့ Polytechnic University (ကွန်ပျူတာမဟာဌာန) ဧရိယာအတွင်း ကျင်းပသည်။

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများအား ပျိုးပင်များ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဆောင်၍ ပျဉ်းကတိုး၊ သင်္ကန်း၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ စိန်ပန်း၊ မန်ဂျန်ရှား စသည့်အပင်များ စိုက်ပျိုးကြပြီး စုစုပေါင်းပျိုးပင် ၆၀၅ ပင်ကို စုပေါင်းစိုက်ပျိုးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)



# အမျိုးသားအလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မြန်အောင် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၄ ရက် ညနေက မြန်အောင်မြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အားကစားကွင်းအတွင်း ဘောလုံးအသင်းများက နေရာယူပြီး Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြန်အောင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးမြင့်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးဝင်းထွဋ်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲဖွင့်ပွဲနေ့တွင် 5 Star ဘောလုံးအသင်းနှင့် Happy Fc ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ် (မြန်အောင်)




# ဒလမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ဗီနိုင်းချိတ်ဆွဲထားရှိမှုများ ကွင်းဆင်းစစ်ဆေး

**ဒလ ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ယမန်နေ့က ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအောင်မြတ်နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းလှိုင်တို့ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒလမြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ် ရောင်းချသောဆိုင်များတွင် "နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ" ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်စန္ဒာမြင့် (ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများအား ဇူလိုင် ၄ ရက်က အခြေခံစားသောက်ကုန်များနှင့်အတူ အမဲသား တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ နှုန်း၊ ဝက်သား တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀၀ နှုန်းနှင့် ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀၀ နှုန်းဖြင့် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို တွေ့ရစဉ်။

ထွန်းထွန်း(သာစည်)



# မန္တလေးတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၌ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂ ရက် ညနေ ၄ နာရီတွင် အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ၁၂ လမ်းအတိုင်း ကိုကိုဝင်း(ခ)သူရဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ကျပ်၂၀၀၀ နှုန်းဖြင့် ၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၂၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ချမ်းမြသာစည်မြို့နယ်၌ ဆေးပြားများရောင်းချပေးသူ မျိုးမင်းအားဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည့်အပြင် ညနေ ၆ နာရီတွင် ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ ဖြိုးကျော်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၀၀၀ (တန်ဖိုးငွေကျပ်သိန်း ၁၈၄၀)နှင့် ဘိန်းဆီခဲ ၂၇ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၂၅ သိန်း နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၆၇၅ သိန်း) တို့ကို ဖမ်းဆီးရမိခဲ့သည်။

သတင်းစဉ်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အမက(ဖိုးခေါင်)၌ "မြတ်ရွှေအိုး" ငွေစုငွေချေးသမဝါယမအသင်းမှ စုဆောင်းငွေအပေါ် အတိုးပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင် ၄ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် မြို့နယ်သမဝါယမဦးစီးမှူး ဦးဌေးဝင်းတို့က ရှင်းလင်းပြောကြားပြီး စုဆောင်းငွေအပေါ် အတိုးရငွေကို အသင်းသားထံ ပေးအပ်စဉ်။

ကိုကိုမင်း(ပြန်/ဆက်)



**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် ခရီးသွားလုပ်ငန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတို့သည် လူသားအရင်းအမြစ်ကိုအခြေခံသော ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သောကြောင့် သက်ကြီးစောင့်ရှောက်မှု ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်မည်ဆိုပါက စွမ်းဆောင်ရည်မြင့်မားသော လူသားအရင်းအမြစ်များ မွေးထုတ်ပျိုးထောင်ပေးရန်မှာ အရေးပါသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယင်းလုပ်ငန်းစဉ်တွင် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးသာမက ညှိဝန်ဆောင်မှုနှင့်ပတ်သက်သော ခံယူချက်နှင့် အလေ့အကျင့်တို့ကိုပါ မွေးမြူထားရှိရေးကို ပြုစုပျိုးထောင်ရန်လိုအပ်မည်ဖြစ်ပါသည်။ အခြားအရေးပါသော အချက်များမှာ ယဉ်ကျေးမှုဆိုင်ရာ အပြုအမူများကို နားလည်ခြင်း၊ နိုင်ငံခြားဘာသာစကားများ ကျွမ်းကျင်လိမ္မာခြင်းနှင့် မသန်စွမ်းသူများအတွက် ဝန်ဆောင်မှုပေးခြင်းတို့ကို လေ့ကျင့်သင်ကြားတတ်မြောက်ပြီးဖြစ်ရန် လိုအပ်မည်ဖြစ်ပါသည်။

**အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုကို အားပေး**

ဖော်ပြပါအချက်များအပြင် ခရီးသွားလုပ်ငန်းစီမံကိန်း/မဟာဗျူဟာကဲ့သို့သော အမျိုးသားအဆင့် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်း စီမံကိန်းသို့မဟုတ် မဟာဗျူဟာ National Elderly Tourism Strategy (NETS) ကို စနစ်တကျရေးဆွဲထားရှိပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ခရီးသွားလုပ်ငန်းကျွမ်းကျင်သူများက တိုက်တွန်းထားသည်။ ၎င်းမဟာဗျူဟာတွင် သက်ကြီးစောင့်ရှောက်မှုခရီးသွားလုပ်ငန်းကို ဦးဆောင်အကောင်အထည်ဖော်မည့် အာဏာပိုင်အဖွဲ့အစည်း၊ ပူးပေါင်းဆောင်ရွက်မည့် ဌာန/အဖွဲ့အစည်းတို့ကို သတ်မှတ်ထားရှိရန်နှင့် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုကို အားပေးကြောင်း ဖော်ပြတိုက်တွန်းထားသည်ကို တွေ့ရှိရသည်။

ကမ္ဘာပေါ်တွင် သက်ကြီးရွယ်အိုအရေအတွက် ပမာဏတိုးတက်များပြားလာမှုကို သက်ဆိုင်ရာနိုင်ငံများက သတိထားတွက်ဆနေကြသည်ကို တွေ့ရှိရသည်။ ကျန်းမာရေးစောင့်ရှောက်မှုစရိတ်နှင့် ပင်စင်၊ လူမှုဖူလုံရေးဆိုင်ရာကိစ္စရပ်များ၊ သက်ကြီးများ၏ ဘဝလုံခြုံစိတ်ချရရေးနှင့် အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးတို့ကို ပြင်ဆင်ဆောင်ရွက်နေကြသည်။ သို့သော် Silver Tsunami ဟု တင်စားခေါ်ဝေါ်သည့် သက်ကြီးရွယ်အိုအရေအတွက် တိုးပွားလာမှုသည် စိုးရိမ်ဖွယ်ရာမဟုတ်ကြောင်း၊ ခရီးသွားလုပ်ငန်းဖြင့် စီးပွားရေးမြှင့်တင်ရန် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော နိုင်ငံအသီးသီးတို့အတွက် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းမြို့ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်မင်္ဂလာနှင့် အုတ်မြစ်ချမင်္ဂလာ အခမ်းအနားပြုလုပ်

**နေပြည်တော် ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လေးကျွန်းမာရ်အောင်မြတ်စွာဘုရား ပန္နက်တင်ခြင်းမင်္ဂလာနှင့် အုတ်မြစ်ချခြင်းမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တက်ရောက်လာကြသူများက စစ်ကိုင်းတိုင်းဒေသကြီး ရွှေကျင်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရတနာစုဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး လေးကျွန်းမာရ်အောင် မြတ်စွာဘုရား ပန္နက်တင်ခြင်းမင်္ဂလာနှင့် အုတ်မြစ်ချခြင်းမင်္ဂလာကို ပြုလုပ်ကြသည်။ ယင်းနောက် ရွှေမိုးငွေမိုးများရွာသွန်း၍ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မန္တလေးမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် Sky Villa ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး ရှင်းလင်းရန် ကျန်ရှိနေသည့် " A " ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများနှင့် အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းမှုများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

○ *ကျောဖုံးမှ*

ဖလားလက်မဲ့ကြုံတွေ့နေရမှုကို အဆုံးသတ်နိုင်ခဲ့ပြီး ၂၀၁၉ ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲပြီးနောက် ယခုမှသာ တစ်ကျော့ပြန် ချန်ပီယံဆုရယူနိုင်ခဲ့သည်။

နှစ်သင်းစလုံး နိုင်ငံခြားသားကစားသမားများအပါအဝင် အမာခံကစားသမားအစုံအလင် အသုံးပြုခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းသည် နောက်ဆုံးခေါ်ယူထားသည့် ဂျပန်တိုက်စစ်မှူး ရင်တာရိအပါအဝင် ဒေးဗစ်ထန်၊ ဇော်ဝင်းသိန်း၊ အီစိုး၊ ဇင်ညီညီအောင် (ဂိုး) တို့ကို အသုံးပြုသလို ရှမ်းယူနိုက်တက်အသင်းကလည်း နန္ဒကျော်၊ ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ယူဂျီ၊ မြတ်ကောင်းခန့်တို့ဖြင့် လူစုံခဲ့သည်။ ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်သော်လည်း ရန်ကုန်ယူနိုက်တက်အသင်း ခံစစ်ကိုမကျော်နိုင်သဖြင့် ထိရောက်သည့် ဂိုးသွင်းခွင့်မရဖြစ်နေသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် ခံစစ်ဇုန်ကို အမှားမရှိစေရန် သေချာပြင်ဆင်လာသလို အခွင့်အရေးရပါက ဂိုးရရန် ကြိုးပမ်းနေရာ ၅၄ မိနစ်တွင် အနိုင်ဂိုးရခဲ့ပြီး ဆိုင်တိုကသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြင့်သော်လည်း ချေပဂိုးရအောင် မသွင်းယူနိုင်သဖြင့် ရန်ကုန်ယူနိုက်တက်အသင်း ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို ဒဂုံစတားယူနိုက်တက်အသင်းတိုက်စစ်မှူး ရန်ကျော်ထွေးက သွင်းဂိုးခုနစ်ဂိုးဖြင့် ရရှိပြီး ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၀ သိန်းရရှိသည်။ ဒုတိယဆုရ ရှမ်းယူနိုက်တက်အသင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၂၀၀၊ ပထမဆုရ ရန်ကုန်ယူနိုက်တက်အသင်းက တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ်သိန်း ၃၅၀ နှင့် ချန်ပီယံဆုဖလားရရှိသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-သော်လေး**

---

◆ *ကျောဖုံးမှ*

နှစ်သင်းစလုံး နိုင်ပွဲရရေး ခြေကုန်ထုတ်လာသည့်အတွက် နှစ်ဖက်သွင်းဂိုးပေါင်း ငါးဂိုးရှိသည်အထိ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် မိနစ် ၂၀ အတွင်း ဂွန်ဇာလို ဂါစီယာနှင့် ဖရန်ဂါစီယာတို့၏ သွင်းဂိုးများဖြင့် ဒေါ့မွန်အသင်းကို ပြိုင်ပွဲတစ်လျှောက် နှစ်ဂိုးပြတ် ဦးဆောင်ကစားနိုင်ခဲ့သည်။

သို့သော်လည်း ပွဲချိန်ပြည့်ခါနီးလေ ပြိုင်ဆိုင်မှုပြင်းထန်လာလေဖြစ်ခဲ့ပြီး မိနစ် ၉၀ ပြည့်ပြီး ထပ်ဆောင်းအချိန်ပို မိနစ်များတွင် အပြန်အလှန်သွင်းဂိုးများ သွင်းယူနိုင်ခဲ့သည်။ ပွဲကစားချိန် ၉၆ မိနစ်တွင် ရီးရဲမက်ဒရစ်အသင်းကစားသမား ဟူဂျီဆင်း တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။ ဒေါ့မွန်အသင်းသည် ရီးရဲမက်ဒရစ်အသင်းကို အကောင်းဆုံးတုံ့ပြန် ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် ကလပ်ကမ္ဘာ့ဖလားဆီမီးဖိုင်နယ် တက်လှမ်းခွင့် လွဲချော်ခဲ့သည်။

ရီးရဲမက်ဒရစ်အသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ပီအက်စ်ဂျီအသင်းနှင့် လာမည့်ဇူလိုင် ၁၀ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ပီအက်စ်ဂျီအသင်းသည် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် အသင်းကြီးဘိုင်ယန်မြူးနစ်အသင်းကို အကြိတ်အနယ်ကစားကာ နှစ်ဂိုးပြတ်အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ အဆိုပါ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းမှ ဝီလီယံပါချိုနှင့် လူးကပ်ဟာနန်ဒက်စ်တို့ အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

**အောင်ဇော်**

---

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

---

## မြန်မာ့အလင်း အယ်ဒီတာ့ထံ ပေးစာ

## စာသင်ကျောင်းတွေ အနီးအနားမှာ Club, KTV, BAR , ဆေးလိပ်၊ ကွမ်းယာ အရောင်းဆိုင်တွေ မရှိသင့်၊ ဖွင့်ခွင့် မပြုသင့်

**အယ်ဒီတာခင်ဗျား-**

ကျွန်တော်တို့ အရင်က မသိခဲ့တာတွေက အခုမိဘနေရာကို ရောက်တော့ ပိုပြီး သိလာရပါတယ်ခင်ဗျာ။

ကျွန်တော်အဖြစ်ချင်ဆုံးအရာက စာသင်ကျောင်းတွေ အနီးအနားမှာ Club, KTV, BAR , ဆေးလိပ်အရောင်းဆိုင်၊ ကွမ်းယာအရောင်းဆိုင်တွေမရှိသင့်၊ ဖွင့်ခွင့် မပြုသင့်ပါ။ ကျောင်းတွေရဲ့အနီးပတ်ဝန်းကျင်မှာ သန့်ရှင်းလတ်ဆတ်တဲ့အစားအသောက်ဆိုင်တွေပဲ ရှိစေချင်ပါတယ်။ ကလေးတွေ၊ ကျောင်းသားတွေ အခု မူးယစ်ဆေးဝါး၊ Vape တွေကို သုံးစွဲတာ အတော်ကိုများနေပါတယ်။ အခုခေတ်ကလေးတွေရဲ့အားနည်းချက်က ဆရာ၊ ဆရာမတွေကို ရိုသေမှုအားနည်းလာပြီး မိဘစကားကိုလည်း နားမထောင်တဲ့သားသမီးတွေ ပိုများလာတဲ့ခေတ်လို ဖြစ်နေပါတယ်။ ပိုက်ဆံရှိ အသိုင်းအဝိုင်းက ကလေးတွေဆို အပြင်မှာ မူးယစ်ဆေးဝါးသုံးစွဲနေတာ တွေ့နေရသလို ကလေးအချို့ အသိစိတ်လွတ်နေတာတွေလည်း တွေ့နေရပါတယ်။ ဒီလိုတွေဖြစ်နေရတဲ့ အဓိကအကြောင်းရင်းက အထက်မှာတင်ပြထားသလို ကျောင်းအနီးပတ်ဝန်းကျင်မှာ ကလေးတွေ ပျက်စီးစေနိုင်တဲ့အရာတွေ ရှိနေလို့ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ကျောင်းအနီးပတ်ဝန်းကျင်မှာ အဲဒါမျိုးတွေမရှိဖို့ တာဝန်ရှိသူတွေ အနေနဲ့ ဖယ်ရှားပေးခြင်း၊ အရေးယူခြင်းများပြုလုပ်ပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် ရိုသေလေးစားစွာ တင်ပြအပ်ပါတယ်။

**ကျောင်းသားမိဘတစ်ဦး**

# အိုပက်ပလပ်စ်က ဩဂုတ်လတွင် ရေနံစိမ်းထုတ်လုပ်မှု ထပ်မံတိုးမြှင့်မည်

**ဗီယင်နာ ဇူလိုင် ၆**

ဩဂုတ်လတွင် ရေနံစိမ်းထုတ်လုပ်မှုများကို ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့အဓိက ရေနံထုတ်လုပ်သည့် နိုင်ငံများအဖွဲ့ (အိုပက်ပလပ်စ်) က ပြောကြားလိုက်သည်။




ဆော်ဒီအာရေဗျနှင့် ရုရှားနိုင်ငံတို့အပါအဝင် အိုပက်ပလပ်စ်အဖွဲ့ဝင် ရှစ်နိုင်ငံသည် လာမည့်လတွင် တစ်ရက်လျှင် ရေနံစည်ပေါင်း ၅၄၈၀၀၀ တိုးမြှင့်ထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး ဇူလိုင် ၅ ရက်က အွန်လိုင်းအစည်းအဝေးတစ်ခုတွင် သဘောတူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ရှစ်နိုင်ငံသည် ဆန္ဒအလျောက် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၂ ဒသမ ၂ သန်းလျှော့ချထုတ်လုပ်မှုကို ဧပြီလတွင် ပြန်လည် ပြင်ဆင်သတ်မှတ်ခဲ့ကြောင်း သိရသည်။ ယင်းနောက် ရေနံစိမ်းထုတ်လုပ်မှုကို တဖြည်းဖြည်း တိုးမြှင့်လာခဲ့ခြင်းဖြစ်သည်။

ဩဂုတ်လတွင် ရေနံစိမ်းထုတ်လုပ်မှုတိုးမြှင့်ခြင်းသည် မေ၊ ဇွန်နှင့် ဇူလိုင်လတို့အတွက် အိုပက်ပလပ်စ်အဖွဲ့က ခွင့်ပြုထားသည့် တစ်ရက်လျှင် ရေနံစိမ်းစည် ၄၁၁၀၀၀ မှ လအလိုက် ထပ်မံမြှင့်တက်လာခြင်းဖြစ်သည်။

အိုပက်ပလပ်စ်အဖွဲ့က စီစဉ်ထားသော ရေနံစိမ်းတိုးမြှင့်ထုတ်လုပ်မှုအစီအစဉ်က ရေနံစိမ်းဈေးနှုန်းများကို ကျဆင်းစေနိုင်ကြောင်း လေ့လာဆန်းစစ်သူ များကပြောသည်။ **အင်န်အိတ်ချ်ကေ**

# ဘြာဇီးလ်... ဩစတြေးလျနိုင်ငံ တိရစ္ဆာန်ဥယျာဉ်အတွင်း ခြသေ့်ကိုက်ခံရမှုဖြစ်ပွား

**ဆစ်ဒနီ ဇူလိုင် ၆**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ အမျိုးသမီးတစ်ဦး ခြသေ့်ကိုက်ခံရ၍လေယာဉ်ဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

ဘရစ်စဘိန်းမြို့ အနောက်တောင်ဘက် ၁၁၀ ကီလိုမီတာအကွာ ဒါလင်ဒေါင်း တိရစ္ဆာန်ဥယျာဉ်အတွင်း အသက် ၅၀ ဝန်းကျင် အမျိုးသမီးတစ်ဦး ခြသေ့်ကိုက်ခံရသည့်အတွက် ဇူလိုင် ၆ ရက်က အရေးပေါ်ဝန်ဆောင်မှုဌာနသို့ ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။ အဆိုပါအမျိုးသမီးမှာ တိရစ္ဆာန်ဥယျာဉ်မှ ဝန်ထမ်းဖြစ်ပြီး လက်မောင်းတွင် ဒဏ်ရာရရှိခဲ့သည်။

၎င်းကို ဘရစ်စဘိန်းမြို့ရှိ ဆေးရုံသို့ လေယာဉ်ဖြင့်ပို့ဆောင်ပေးခဲ့ပြီး အခြေအနေ ပြန်လည်ကောင်းမွန်နေပြီဟု သိရသည်။ ခြသေ့်ကိုက်ခံရသည့်အတွက် အဆိုပါအမျိုးသမီးမှာ လက်တစ်ဖက်ဆုံးရှုံးခဲ့ရသည်ဟု ဩစတြေးလျ အသံလွှင့်ကော်ပိုရေးရှင်းက ပြောသည်။

အများပြည်သူအတွက် စိုးရိမ်စရာမရှိဟု သတင်းထုတ်ပြန်ခဲ့ပြီး အဆိုပါ ခြသေ့်ကိုလည်း မည်သည့်ပြစ်ဒဏ်မျှပေးမည်မဟုတ်ဟု သိရသည်။ ရဲတပ်ဖွဲ့နှင့်လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေးအဖွဲ့များက အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဒါလင်ဒေါင်း တိရစ္ဆာန်ဥယျာဉ်သည် ဇွန်လအတွင်းက နှစ် ၂၀ ပြည့်ပွဲကျင်းပခဲ့ပြီး တိရစ္ဆာန်ရုံအတွင်း ကျားများ၊ ကျားသစ်များ နှင့် ခြသေ့်များကို ထားရှိသည်။ **ဆင်ဟွာ**

# တက္ကဆက်ရေကြီးမှုမှ သေဆုံးသူပေါင်း ၄၃ ဦးရှိလာ

**ဝါရှင်တန် ဇူလိုင် ၆**

အမေရိကန်ပြည်ထောင်စုတောင်ပိုင်း တက္ကဆက်ပြည်နယ်၌ ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ၄၀ ကျော်ရှိလာကြောင်း သိရသည်။ ကလေးငယ်များအပါအဝင် လူပေါင်း ၂၀ ကျော် ပျောက်ဆုံးနေဆဲဖြစ်သည်။

ဇူလိုင် ၄ ရက်က စံချိန်တင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဂွါဒါလူပီမြစ်ရေလျှံကာ ပြင်းထန်သော ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည်။ ကလေးငယ် ၁၅ ဦး အပါအဝင် လူပေါင်း ၄၃ ဦး သေဆုံးကြောင်း အာဏာပိုင်များက ဇူလိုင် ၅ ရက်တွင် အတည်ပြုပြောသည်။

မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုက မြစ်ရေမျက်နှာပြင်ကို မြင့်တက်စေကြောင်း၊ အိပ်ပျော်နေသော လူအများစုမှာ ဘေးလွတ်ရာသို့ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။ အာဏာပိုင်များသည် ပျောက်ဆုံးနေသူများအတွက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**



# ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသည် ၁၀ ဒသမ ၇ သန်းခန့် လာရောက်လည်ပတ်

**ဟန္နိုင်း ဇူလိုင် ၆**

ဗီယက်နမ်နိုင်ငံသို့ ယခုနှစ် ပထမနှစ်ဝက်အတွင်း နိုင်ငံတကာခရီးသည် ၁၀ ဒသမ ၇ သန်းခန့် လာရောက် လည်ပတ်လျက်ရှိကြောင်း ဗီယက်နမ်အမျိုးသားစာရင်းအင်းရုံး၏ အချက်အလက်များကို ကိုးကားပြီး ဗီယက်နမ်သတင်းအေဂျင်စီက ဇူလိုင် ၆ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ခရီးသည်လာရောက်မှု ပမာဏမှာ ယမန်နှစ်ကထက် ၂၀ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

ဇွန်လ တစ်လတည်းတွင် နိုင်ငံတကာခရီးသည် လာရောက်လည်ပတ်မှုပမာဏမှာ ၁ ဒသမ ၅ သန်းခန့်ရှိပြီး ၂၀၂၄ ခုနှစ် ဇွန်လကထက် ၁၇ ရာခိုင်နှုန်း တိုးလာကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**





# ပြင်သစ်နိုင်ငံ စိန်းမြစ်၌ အများပြည်သူရေကူးနိုင်ရန် နှစ်ပေါင်း ၁၀၀ အတွင်း ပထမဆုံးအကြိမ် ခွင့်ပြုပေး

**ပါရီ ဇူလိုင် ၆**

ပြင်သစ်အာဏာပိုင်များသည် ပါရီရှိ စိန်းမြစ်ကို နှစ်ပေါင်း ၁၀၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အများပြည်သူရေကူးနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်ဟု သိရသည်။

ရေ၏ အရည်အသွေးကျဆင်းလာသည့်အတွက် ၁၉၂၃ ခုနှစ်မှစတင်ကာ စိန်းမြစ်အတွင်း ရေကူးခွင့်ကို ပိတ်ပင်ခဲ့သည်။ မြစ်ကိုသန့်ရှင်းစေရန် ကြိုးပမ်းမှုများ လုပ်ဆောင်ပြီးနောက် ယခုလို အများပြည်သူ ရေကူးနိုင်ရေး ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

မြစ်ရိုးတစ်လျှောက်ရေကူးရန်နေရာသုံးနေရာကို ဇူလိုင် ၅ ရက်က ဖွင့်လှစ်ပေးခဲ့သည်။ မီတာ ၇၀ ခန့် ရှည်လျားသည့် နေရာကို နံနက် ၈ နာရီဝန်းကျင်က ဖွင့်လှစ်ပေးခဲ့ပြီး လူပေါင်း ၁၀၀ ကျော် ရေကူးခဲ့ကြသည်။

ပြင်သစ်မြို့တော်၌ မကြာသေးမီက အပူချိန်ပြင်းထန်သည့်အတွက် မြစ်ရေ၏အပူချိန်မှာ ၂၀ ဒီဂရီစင်တီဂရိတ်အထက်တွင် ရှိသည်။ စိန်းမြစ်အတွင်း ရေကူးရသည်ကို လူအများနှစ်မြို့ကြသည်။

ရေ၏အပူချိန်ကြောင့် အံ့အားသင့်ရကြောင်းနှင့် အိုလံပစ်အားကစားသမားတစ်ဦးကဲ့သို့ ခံစားရကြောင်း အသက် ၂၀ ဝန်းကျင် ပါရီမြို့ခံ လူငယ်တစ်ဦးကပြောသည်။ အသက် ၄၀ ဝန်းကျင် အမျိုးသမီးတစ်ဦးကလည်း စိန်းမြစ်အတွင်း ရေကူးခွင့်ရသည့်အတွက် စိတ်လှုပ်ရှားမိကြောင်းနှင့် ရေမှာလည်း ကြည်လင်နေကြောင်း ပြောသည်။ ဖွင့်ပွဲအခမ်းအနားသို့ ပါရီမြို့တော်ဝန် အန်းဟယ်ဒါဂို တက်ရောက်ခဲ့သည်။

မြစ်အတွင်း အခမဲ့ရေကူးနိုင်ကြောင်း ၎င်းကပြောသည်။ ရာသီဥတုပြောင်းလဲမှုနှင့် မြို့တော်ကို လိုက်လျောညီထွေဖြစ်စေရန် လုပ်ဆောင်ခြင်းဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ **အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်၌ ရုတ်တရက်ရေကြီးမှုကြောင့် လူပေါင်း ၆၆ ဦးထက်မနည်းသေဆုံး

**အစ္စလာမ္မာဘတ် ဇူလိုင် ၆**

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန် ၂၆ ရက်မှစကာ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးသူ ၆၆ ဦးထက်မနည်းရှိကာ ဒဏ်ရာရရှိသူ ၁၂၇ ဦးရှိကြောင်း အမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အစည်းက ဇူလိုင် ၅ ရက်က ထုတ်ပြန်ထားသည်။

အနောက်မြောက်ပိုင်း ခိုင်ဘာပခ်ွါတွန်ခွာပြည်နယ်၌ အဆိုးရွားဆုံးဖြစ်ပြီး ကလေး ၁၁ ဦးအပါအဝင် လူပေါင်း ၂၄ ဦး သေဆုံးကြောင်း၊ ဆင်းဟ်ပြည်နယ်တွင် သေဆုံးသူ ၁၅ ဦးရှိပြီး ဘယ်လိုချစတန်ပြည်နယ်၌ ငါးဦးသေဆုံးကြောင်း သိရသည်။

နောက်ထပ် ၄၈ နာရီအတွင်း ဒေသအများအပြား၌ မိုးရွာသွန်းမှုနှင့် မိုးသက်မုန်တိုင်းများဖြစ်ပေါ်နိုင်သည်ဟု ပါကစ္စတန်မိုးလေဝသဌာနက ခန့်မှန်းထားသည်။ **ဆင်ဟွာ**

# KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ယာယီသိမ်းပိုက်ထားသည့် မိုးဗြဲမြို့အား တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိ၊ မိုင်းရှင်းလင်းရေးလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ် အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေ အဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့် လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့ပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ၌ စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီးများ အကူအညီဖြင့် တပ်မတော်စစ်ကြောင်းများ၏ အလစ်အငိုက်ရယူ၍ ဝင်ရောက်ပစ်ခတ်ခြင်း၊ ဆရာ ဆရာမများအား ဖမ်းဆီးခေါ်ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ပြီး တစ်ဆင့်ပြီးတစ်ဆင့် လွိုင်ကော်မြို့သိမ်း တိုက်ပွဲအား စတင်ဆောင်ရွက်ခဲ့ရာ မြို့လုံခြုံရေးတပ်များ၊ နယ်မြေခံ တပ်မတော် စစ်ကြောင်းများဖြင့် အပြင်းအထန် ပြန်လည်ခုခံ တိုက်ခိုက်ခဲ့သလို စစ်ကူစစ်ကြောင်းများကလည်း အချိန်မီရောက်ရှိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့ လွိုင်ကော်မြို့ အကြမ်းဖက် သောင်းကျန်းသူများ လက်အောက် မကျရောက်စေရေး တပ်မတော် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်၍ တိုက်ပွဲဝင်စဉ် အုပ်ချုပ်မှုဆိုင်ရာများ ဖြည့်ဆည်းပေးရသည့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော် လမ်းကြောင်းနှင့် ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် လမ်းကြောင်းကိုလည်း အကြမ်းဖက်သောင်းကျန်းသူများက ပိတ်ဆို့ဖြတ်တောက်ခဲ့သည်။

အဆိုပါ အခြေအနေတွင် ပထမဦးစွာ တပ်မတော် စစ်ကြောင်းများက ဆီဆိုင်မြို့၌ ပိတ်ဆို့ထားသည့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အား ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ရှင်းလင်းခဲ့ရာ မေလ ၁၅ ရက်နေ့တွင် ဆီဆိုင်မြို့အား ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ၎င်းမှတစ်ဆင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော် လမ်းကြောင်းအား ၂၀၂၄ ခုနှစ် မေလ ၂ ရက်နေ့မှစ၍ ရှင်းလင်းခဲ့ရာ မေလ ၂၉ ရက်နေ့တွင် လမ်းကြောင်းပြန်လည် ဖွင့်လှစ်နိုင်ခဲ့သလို လွိုင်ကော်မြို့သိမ်းရန် အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ်အိပ်မက်ကိုလည်း ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ရိုက်ချိုးခြင်းဖြင့် လွိုင်ကော်မြို့ တစ်မြို့လုံးအား ထိန်းချုပ်နိုင်ခဲ့သည်။ ဆက်လက်၍ ကျန်ရှိနေသည့် ဆက်သွယ်ရေးလမ်းကြောင်း တစ်ခုဖြစ်သော ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော် လမ်းကြောင်းဖွင့်လှစ်နိုင်ရေး လွိုင်ကော်မြို့မှဆုတ်ခွာခဲ့သည့် အဓိကအကြမ်းဖက်အဖွဲ့များပါ ပူးပေါင်း၍ ထိန်းချုပ်ထားသည့် မိုးဗြဲမြို့အား ပြန်လည်သိမ်းပိုက်နိုင်ရေးကိုလည်း စီမံဆောင်ရွက်ခဲ့သည်။

*စာမျက်နှာ ၁၅ သို့*



KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဘာသာရေးနှင့် သာသနာရေးဆိုင်ရာအဆောက်အအုံများကို ခံစစ်ပြုလုပ်ခဲ့မှု။



လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုးဗြဲမြို့တောင်ဘက်အစွန် မွေတော်ဓာတ်စစ်ဘုရားကြီး ပြန်လည်သိမ်းပိုက်ရရှိမှုနှင့် လက်နက်/ခဲယမ်းများ ရရှိမှု။



KNPP ၊ KNDF အဖွဲ့များ၊ PDF အမည်ခံအကြမ်းဖက်သမားများနှင့် နိုင်ငံခြားသားများ နေရာယူ၍ ပစ်ခတ်ခဲ့သည့် အထပ်မြင့်တိုက်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ဘီလူးချောင်းတံတား(မိုးဗြဲ)အား သိမ်းပိုက်ပြီးပုံ။




KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများအား မောင်းထုတ်၍ လူနေအိမ်များ၌ ခံစစ်ပြုလုပ်ထားမှု။




KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက စာသင်ကျောင်းဝင်းအတွင်း ခံစစ်ပြုလုပ်ခဲ့မှု။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအိမ်ပြင်ပတွင် အိမ်နှင့်တွဲလျက် အိမ်ပျက်စီးစေရေး ခံစစ်ပြုလုပ်ထားရှိမှု။



အဆောက်အအုံအုတ်တံတိုင်းများဖောက်၍ ပစ်ကျင်း/ခံစစ်ပြုလုပ်ထားမှု။



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လူနေအိမ်နံရံများကို ဖောက်၍ ဗုံးခိုကျင်းပြုလုပ်ထားမှု။



လူနေအိမ်အတွင်း ခံစစ်ပြုလုပ်ထားမှု။

*စာမျက်နှာ ၁၄ မှ*

မိုးဗြဲမြို့၏ နောက်ဆုံးအခြေအနေအား နည်းလမ်းမျိုးစုံဖြင့် သတင်းဖော်ထုတ်ခဲ့ရာ KNPP ၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် Free Burma Ranger အဖွဲ့ဝင်အချို့ ကိုယ်တိုင်ပါဝင်ပြီး လူသားချင်းစာနာထောက်ထားမှု ခေါင်းစဉ်ဖြင့် ဆေးကုသရေးအဖွဲ့များပါ ပူးပေါင်း၍ မိုးဗြဲမြို့နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်၊ ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် အတွက် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှစ၍ ကျေးရွာသူ ကျေးရွာသားများ အသွင်ဖြင့် စိမ့်ဝင်ပုံဖျက် ဝင်ရောက်ပြီးနောက် ဒေသအချို့ရှိ အင်အားနည်း တပ်မတော် တပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့များ၏ တပ်ဌာနချုပ်များအား အင်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခြင်း၊ ကျေးရွာများအတွင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်ခြင်း၊ ဒေသခံ တိုင်းရင်းသားများ ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မ လုယက်ယူဆောင်ခြင်း စသည့် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး ပင်လောင်း၊ ဖယ်ခုံ၊ မိုးဗြဲ၊ လွိုင်ကော်ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အချက်အချာလမ်းဆုံ တစ်ခုဖြစ်သည့် မိုးဗြဲမြို့ တစ်မြို့လုံးအား ထိန်းချုပ်ခြင်းဖြင့် ဆက်သွယ်ရေး လမ်းကြောင်း ဖြတ်တောက်ကာ ဒေသခံ တိုင်းရင်းသားများအား အဓမ္မနှင်ထုတ်ခြင်း၊ အခိုင်အမာ ခံစစ်ပြုလုပ် တပ်စွဲခြင်းနှင့် နိုင်ငံတော်အစိုးရအုပ်ချုပ်မှု ယန္တရား တစ်စိတ်တစ်ပိုင်း ပျက်ပြားစေခြင်းတို့ ဆောင်ရွက်ခဲ့မှုကြောင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဒေသခံတိုင်းရင်း သားများ၊ မှီခို ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများသည် ဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့၊ ရွာများနှင့် ယာယီတိုက်ပွဲရှောင် နေရာများသို့ သွားရောက် နေထိုင်ခဲ့ကြောင်း သတင်းဖော်ထုတ်ရခဲ့သည်။

သို့ဖြစ်ပါ၍ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် မိုးဗြဲဒေသ တစ်ဝိုက်အား တပ်မတော် စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး (Counter – Terrorism Operation) ကို ၂၀၂၅ ခုနှစ် နှစ်ဦး ပိုင်းမှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ ချေမှုန်းဆောင်ရွက်ခဲ့ရာ မိုးဗြဲမြို့အား ပြန်လည်ထိန်းချုပ် နိုင်ရေးအတွက် အဓိကအုပ်ချုပ် ထောက်ပံ့မှုပြုသည့် ဖယ်ခုံ၊ မိုးဗြဲ အနောက်ဘက်ခြမ်းနှင့် မိုးဗြဲမြို့၏ အရှေ့ဘက်ခြမ်းတို့အား ထိန်းချုပ် လျက် အဓိကစစ်ကြောင်းများက မြို့၏ မြောက်ဘက်ခြမ်း သစ်ရာ ကုန်းရပ်ကွက်နှင့် စည်ကား(၂) ရပ်ကွက်တို့မှစ၍ လက်နက်ကြီး ပစ်ကူနှင့် လေကြောင်းပစ်ကူအချို့ ရယူ၍ စနစ်တကျ အဆင့်ဆင့် ခြေကုပ်ယူခဲ့ပြီး ၎င်းမှတစ်ဆင့် ကျန်ရပ်ကွက် ၁၄ ခုကျော်အား ရပ်ကွက် တစ်ခုချင်းအလိုက် အကြမ်းဖက်သမားများ အခိုင် အမာ ခံစစ်ပြုလုပ်ထားသည့် မြေပေါ်မြေအောက် ဘန်ကာများ၊ အုတ်တံတိုင်းဖောက်၍ ပစ်ပေါက် နေရာများ၊ အထပ်မြင့် အဆောက် အအုံများ အပါအဝင် စာသင် ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ဆေးရုံနေရာများတို့အား ခက်ခက် ခဲခဲဖြင့် ရင်ကိုမြေကတုတ်ပြုလုပ် ၍ စွန့်လွှတ်စွန့်စားစွာဖြင့် အချိန် ယူရှင်းလင်းခဲ့ကြရာ စစ်ဆင်ရေး ကာလ ခြောက်လအတွင်း ရန်သူ နှင့် တိုက်ပွဲကြီးပေါင်း ၂၁၅ ကြိမ်၊ ထိတွေ့မှုပေါင်း ကြိမ် ၄၀၀ ဖြစ်ပွား ခဲ့ပြီး မိုးဗြဲမြို့၏ တောင်ဘက် အစွန်ဆုံး မွေတော်ဘုရားရှိရာ မြို့မရပ်ကွက်အား ဇူလိုင်လ ၅ ရက်နေ့တွင်လည်းကောင်း၊ အရှေ့ ဘက်အစွန်ဆုံး ရပ်ကွက်ဖြစ်သည့် ညောင်ဝိုင်းရပ်ကွက်အား ဇူလိုင်လ ၆ ရက်နေ့ ယနေ့ နေ့လယ်ပိုင်းတွင် လည်းကောင်း အကြမ်းဖက် KNPP ၊ KNDF နှင့် ၎င်းတို့၏ မဟာမိတ် အကြမ်းဖက်အဖွဲ့ တပ်ပေါင်းစုများ အပါအဝင် အဆို ပါတိုက်ပွဲအတွင်း ကိုယ်တိုင် ကိုယ်ကျပါဝင်ခဲ့သည့် Free Burma Ranger အဖွဲ့များနှင့် လူသားချင်း စာနာထောက်ထား ခြင်းခေါင်းစဉ်ဖြင့် ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့ကြသည့် ဆေးကုသ ရေးအဖွဲ့များအား မြန်မာ့ တပ်မတော်မှ အပြီးတိုင် ချေမှုန်း သုတ်သင်လျက် မိုးဗြဲမြို့တစ်မြို့ လုံးအား ပြန်လည်သိမ်းပိုက်နိုင်ခဲ့ သည်။ စစ်ဆင်ရေး တစ်ခုလုံး တွင် တိုက်ပွဲကြီးငယ် ၆၁၅ ကြိမ်၊ ရန်သူအလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၆၃ လက် အပါ အဝင် အခြားအရေးကြီး စာရွက် စာတမ်းများနှင့် Video File များ သိမ်းဆည်းရမိခဲ့သည်။

အကြမ်းဖက်သမားများအနေ ဖြင့် မိုးဗြဲမြို့အတွင်းသို့ ရောက်ရှိ နေစဉ်အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင် ကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံများ နှင့် လူနေအိမ်များတွင် ဘန်ကာ များ ဆောက်လုပ်ပြီး တပ်မတော် စစ်ကြောင်းများအား ပစ်ခတ် တိုက်ခိုက်ခြင်း၊ ဘုန်းတော်ကြီး ကျောင်းများ၊ လူနေအိမ် အဆောက်အအုံများ အကြားနှင့် အများပြည်သူ သွားလာအသုံးပြု သည့် ဆက်သွယ်ရေး လမ်း ကြောင်းများပေါ်၌ မိုင်းထောင် ခြင်းများ၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ် တိုက်ခိုက်ခြင်းများကို လုပ်ဆောင် ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထုတ်ပြန်ထားသည့် ထိတွေ့ တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE) နှင့် အညီ ဆောင်ရွက်ခဲ့ရသည်။

ထိတွေ့မှုများ ဖြစ်ပွားစဉ် အတွင်း တပ်မတော်စစ်ကြောင်း များမှ နိုင်ငံတော်နှင့် တပ်မတော် အတွက် စွန့်လွှတ်စွန့်စားစွာ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့သူအချို့ နှင့် ဒဏ်ရာကြီးငယ်ရခဲ့သူအချို့ရှိ ခဲ့ကြောင်းလည်း သိရှိရသည်။ ဆက်လက်၍ တပ်မတော် စစ်ကြောင်းများက မိုးဗြဲမြို့နှင့် လွိုင်ကော်မြို့တို့အား ဆက်သွယ် ထားသည့် လမ်းကြောင်းပေါ်ရှိ ရှင်းလင်းရန်ကျန်ရှိနေသည့် ၄ ဒသမ ၅ ကီလိုမီတာအကွာအဝေး အား အပြီးတိုင် ဆက်လက် ရှင်းလင်းပေးခြင်းဖြင့် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်း ဆက်သွယ် ရေး လမ်းမကြီးအား မကြာမီ အချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

အလားတူ လွိုင်ကော်၊ ဆီဆိုင် လမ်းကြောင်းအား အဆိုပါ အကြမ်းဖက်အဖွဲ့များက ပိတ်ဆို့ ဟန့်တားနှောင့်ယှက်မှုကိုလည်း တပ်မတော် စစ်ကြောင်းများ က အောင်မြင်စွာ ရှင်းလင်း ဖယ်ရှားနိုင်ခဲ့သည့်အတွက်လည်း လွိုင်ကော်မြို့နေ ဒေသခံတိုင်းရင်း သားအားလုံးနှင့် ဟိုပုံး၊ ဆီဆိုင်၊ လွိုင်ကော် ဆက်သွယ်ရေး လမ်းကြောင်း တစ်လျှောက်ရှိ ဒေသခံတိုင်းရင်းသား ညီအစ်ကို မောင်နှမများ အားလုံးအနေဖြင့် စိတ်အေးချမ်းသာစွာဖြင့် မိမိတို့၏ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း အား လုပ်ကိုင်စားသောက် နေထိုင်ခဲ့ရသကဲ့သို့ ယခုမကြာမီ ရက်ပိုင်း အတွင်းမှာလည်း လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံ၊ ပင်လောင်း အဓိကဆက်သွယ်ရေး လမ်းကြောင်းတစ်ခုကို ထပ်မံ ဖွင့်လှစ်ပေးနိုင်တော့မည် ဖြစ်၍ ဒေသခံပြည်သူလူထုများ အားလုံး ဝမ်းမြောက် ပီတိဖြစ်ပေါ်လျက် မိမိတို့နေအိမ် မိမိတို့ ပြန်လည် နေထိုင်နိုင်ကြမည့်အရေး ကြိုတင် မြော်တွေး၍ ပျော်ရွှင်နေကြလျက် ရှိကြောင်းလည်း သိရှိရသည်။

မိုးဗြဲမြို့အပါအဝင် လွိုင်ကော်၊ မိုးဗြဲ၊ ဖယ်ခုံနှင့် ပင်လောင်း လမ်းကြောင်းအား အပြီးတိုင် ရှင်းလင်းပြီးပါက မိုးဗြဲမြို့ခံ ရိုးသားသော ဒေသခံပြည်သူများ အားလုံး ပြန်လည်နေထိုင်နိုင်ရေး နှင့် အစိုးရအုပ်ချုပ်မှုယန္တရား များ အမြန်ဆုံးလည်ပတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဂျီနီဗာကွန်ဗင်းရှင်းနှင့် အညီ အကြမ်းဖက်သောင်းကျန်း သူများ၏ ယုတ်မာရက်စက်စွာ ဆောင်ရွက်ခဲ့သည့် မြေမြှုပ်မိုင်း အန္တရာယ်ကင်းရှင်းရေး ဦးစားပေး ရှင်းလင်းဖော်ထုတ်ခြင်းကိုလည်း တပ်မတော်စစ်မြေပြင် အင်ဂျင် နီယာအရာရှိ စစ်သည်များဖြင့် ရှင်းလင်းဖယ်ရှားသွားမည် ဖြစ် ကြောင်းလည်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသောCRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြား စေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေး ယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၅ ရက်တွင် အသိပေးထုတ်ပြန် ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှု ကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့် ခြင်း များပြုမှုလုပ်ဆောင်ခဲ့သည့် “Ko Phyo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ညောင်လေးပင် မြို့နယ် ညောင်လေးပင်မြို့ မြို့မရပ်ကွက် အမှတ် (၄) နေဝေဖြိုးနိုင်(ခ)ကိုဖြိုးအား ည ၈ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၆

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် အမှတ်(၂)ကတ္တရာစက်ရုံအနီး၌ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၀၅၆၀၀၀) ကိုလည်းကောင်း စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၄၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၆၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များ က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့ သွားရောက်မည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၁၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀) ကို လည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ ရပ်တန့်ထား သော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၉၃၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၇၆ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၅၉၇၈၇၄၄) ကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၀ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၈၃၁၉၀၆) ကိုလည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၀၆၃၁၂) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၁၁၆၉၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ဇူလိုင် ၅ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာ နိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၁ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၄ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၂၆၆၈၉၆၂)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်း သည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# လမြတ်ဝါဆို

တင်ထက်ထက်ဇော်

ဝါဆိုဟူသော ဝေါဟာရမှာ “ဝါ”-ဝါသ (ပါဠိစကား) မှ “နေခြင်း”ဟု အနက်ထွက်သည်။ “ဆို” မှာ ရွတ်ဆိုခြင်း၊ ကတိပေးခြင်းဖြစ်သည်။ ရဟန်းများအနေဖြင့် ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းသုံးလကို “ဣမသ္မိံဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ” ဟူ၍ ရွတ်ဆိုကတိပေးခြင်း ပြုကြရသည်။ ဝါတွင်းကာလတွင် မိမိကျောင်းပရိဝုဏ်အတွင်းမှ ညအိပ်ညဥ့်နေသွားလာခြင်း မပြုရသော အခါသမယဖြစ်သည်။ ဤလမှာ ရဟန်း၊ သံဃာတို့ ဝါဆိုဝါကပ်ပြုတော်မူကြရသဖြင့် ဝါဆိုလဟု ခေါ်ဆိုကြသလို “လမြတ်ဝါဆို” ဟုလည်း မြန်မာဘာသာဖြင့် ရေးသားခေါ်ဆိုကြကြောင်း မြန်မာ့ ၁၂ လရာသီမှာ ဖွင့်ဆိုထားသည်။

**ဝါဆိုလပြည့် ထူးခြားသောနေ့**

ဝါဆိုလသည် ထူးခြားသောလ ဖြစ်သည်။ ဝါဆိုလပြည့်နေ့သည်-

- ဂေါတမဘုရားလောင်းပဋိသန္ဓေနေသောနေ့၊
- ဂေါတမဘုရားလောင်း တောထွက်တော်မူသောနေ့၊
- ဂေါတမဘုရားလောင်း ဓမ္မစကြာတရားဟောတော်မူသောနေ့၊
- ရေ၊ မီးအစုံစုံဖြင့် တန်ခိုးပြာဋိဟာကို ပြတော်မူသောနေ့၊
- ဘုရားအဖြစ်သို့ ဝန်ခံတော်မူသောနေ့၊
- တရားရတနာ စတင်ပေါ်ပေါက်သောနေ့၊
- သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့၊
- “ဇေဟိဘိက္ခု” ဟူသော စကားကို စတင်ကြားရသောနေ့ ဖြစ်သည်။

ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများ၏ နေ့ထူးနေ့မြတ် ဖြစ်ပေတော့သည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့သည် ဝါဆိုလပြည့်နေ့၌ ကျောင်းကန်ဘုရားများသို့ သွားရောက်၍ ဝါဆိုပန်းများကပ်လှူခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုကြသည်။ ဝါတွင်းသုံးလတွင် အခြားကာလများထက် ပို၍ အလှူဒါနများပြုခြင်း၊ သီလဆောက်တည်ခြင်း၊ တရားဘာဝနာများ ကျင့်ကြံအားထုတ်ခြင်းများကို ပြုကြသည်။

ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင်လည်း နိုင်ငံတော်တစ်ဝန်း၌ ရှမ်းပြည်နယ်အပါအဝင် အချို့ဒေသများတွင် ဝါဆိုပန်းခူးသည့် အလေ့အထ ရှေးမှစ၍ ယနေ့တိုင်ရှိနေပြီး ဘုရားကပ်လှူရန် ရည်ရွယ်၍ ပန်းများပျော်ပျော်ရွှင်ရွှင် ခူးဆွတ်ဆင်နွှဲကြသည်။ ဝါဆိုပန်းများ၊ ဝါဆိုဖယောင်းတိုင်ကြီးများ၊ လှူဖွယ်ပစ္စည်းများနှင့်အတူ ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲများလည်း ဆင်နွှဲလေ့ရှိကြသည်။

**ဝါဆိုပွဲတော်များ**

ဝါဆိုလတွင် ရဟန်းသံဃာတော်တို့က မိမိတို့ကျောင်းပရိဝုဏ်အတွင်း ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မရွှေ့မပြောင်းကြဘဲ နေထိုင်သီတင်းသုံးကြသည်။ ထို့ကြောင့် ဝါဆိုလသည် မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ဘာသာတရားကို ထူထောင်၍ သာသနာတော်၏ အထောက်အပံ့ဖြစ်သော သံဃာအဖွဲ့အစည်းကို ကျစ်လျစ်ခိုင်မာစေရန် ပြုစုသော သဘောရှိခြင်းကြောင့် အထွတ်အမြတ်ပြုရသည့်လ ဖြစ်သည်။

ပုဂံခေတ်က ဝါဆိုလကို မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာဟုအမျိုးမျိုး ခေါ်ဝေါ်ရေးသားခဲ့ကြသည်။ ဝါဆိုဟူသော ဝေါဟာရမှာ ပုဂံပြည် အနော်ရထာမင်းစောလက်ထက် ပရိယတ္တိသာသနာစာပေကျမ်းဂန်ရောက်ရှိ၍ ရဟန်းသံဃာတော်တို့ ဝါဆိုဝါကပ် ပြုတော်မူသောကြောင့် “ဝါဆိုလ” ဟု မြန်မာဘာသာဖြင့် ခေါ်ဝေါ်ရေးသားကြသည်။ ရှေးဝေါဟာရမဟုတ်ရာ၊ နွေတာလသာလျှင် ရှေးဝေါဟာရ ဖြစ်သည်၊ ယူရန်ရှိသည်ဟု ကျမ်းဂန်များက ဆိုပါသည်။

တစ်နည်းဆိုရလျှင် ဝါဆိုဟူသည်မှာ ရဟန်းတော်တို့သည် မိုးရာသီသုံးလအတွင်း အခြားတစ်ပါးသို့ အကြောင်းမဲ့မသွားရဘဲ မိမိတို့၏ ကျောင်းအရံအတွင်း၌ နေခြင်းဖြစ်ပြီး ဤသို့ရဟန်းတော်များ ဝါဆို၊ ဝါကပ်သည်ကိုစွဲ၍ ဝါဆိုလဟု ခေါ်ကြခြင်း ဖြစ်သည်။

မြန်မာမင်းများလက်ထက်က တစ်လလျှင် ပွဲတော်တစ်မျိုးစီ ကျင်းပလေ့ရှိရာ ဝါဆိုလအခါတွင် ပဉ္စင်းတော်ခံပွဲများ ကျင်းပလေ့ရှိသည်။ ပဉ္စင်းတော်

> “ပုဂံခေတ်က ဝါဆိုလကို မလွယ်တာ၊ မြွယ်တာ၊ နွယ်တာ၊ နွေတာဟု အမျိုးမျိုး ခေါ်ဝေါ်ရေးသားခဲ့ကြသည်။ ဝါဆိုဟူသော ဝေါဟာရမှာ ပုဂံပြည် အနော်ရထာမင်းစောလက်ထက် ပရိယတ္တိသာသနာ စာပေကျမ်းဂန်ရောက်ရှိ၍ ရဟန်းသံဃာတော်တို့ ဝါဆိုဝါကပ် ပြုတော်မူသောကြောင့် “ဝါဆိုလ”ဟု မြန်မာဘာသာဖြင့် ခေါ်ဝေါ်ရေးသားကြသည်။ ရှေးဝေါဟာရမဟုတ်ရာ၊ နွေတာလသာလျှင် ရှေးဝေါဟာရဖြစ်သည်၊ ယူရန်ရှိသည်ဟု ကျမ်းဂန်များက ဆိုပါသည်”

ခံပွဲမှာ ရဟန်းအဖြစ်သို့ ဝင်ခွင့်ရှိ၍ ဝင်လိုသူ ရှင်လူ ရဟန်းလောင်းတို့အား ရဟန်းဘောင်သို့ အခမ်းအနားနှင့် သွတ်သွင်းချီးမြှင့်ခြင်းဖြစ်ရာ ဘုရင်များကိုယ်တော်တိုင် အလေးအမြတ်ပြုလျက် ကျင်းပသော ပွဲတော်ဖြစ်သည်။ ထိုပွဲတော်ကို မည်သည့်ခေတ်၊ မည်သည့်ဘုရင်လက်ထက်တွင် စတင်ခဲ့ကြောင်း သိရှိရန် မလွယ်ကူတော့သော်လည်း ကျောက်စာပေရေးထုထားသည့် အကြောင်းအရာများ၊ ရှေးစာဆိုများ၏ ဖွဲ့ဆိုမှုများအရ ပထမအင်းဝခေတ်၌ ပဉ္စင်းတော်ခံပွဲတော် ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရှေးမြန်မာမင်းများလက်ထက်က နယုန်လ စာပြန်ပွဲတွင် စာအောင်ကြသူများအနက် မပြည့်စုံကြသော ပြည်သူတို့ကို ဘုရင်မင်းမြတ်ဦးစီး၍ ရှင်အဖြစ်လည်းကောင်း၊ ရဟန်းအဖြစ် လည်းကောင်း ရှင်ပြုရဟန်းခံခြင်းများကို တခမ်းတနား ကျင်းပပြုလုပ် ကုသိုလ်ယူလေ့ရှိရာ ဝါဆိုလ “ပဉ္စင်းခံပွဲ”ဟူ၍ ဆယ့်နှစ်လရာသီ ပွဲတော်တစ်ခုအဖြစ်တွင်ကျန်နေရစ်ခြင်းဖြစ်သည်။

သို့ရာတွင် မျက်မှောက်ကာလတွင်မူကား ပဉ္စင်းတော်ခံပွဲကို ရှေးအခါကကဲ့သို့ ဝါဆိုလ၌သာ ကျင်းပလေ့မရှိတော့ဘဲ ရာသီဥတုသာယာသည့် ဆောင်း၊ နွေ ဥတုနှစ်ပါးစလုံးတွင် မိမိတို့အဆင်ပြေသည့်လ၌ ကျင်းပလေ့ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် ဝါဆိုလ၏ ရာသီပွဲတော်မှာ ပဉ္စင်းတော်ခံပွဲမဟုတ်တော့ဘဲ သံဃာတော်များ ဝါဆိုပွဲ၊ ဝါဆိုပန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲတို့ကို စုပေါင်းခေါ်ဝေါ်ထားသည့် ဝါဆိုပွဲတော်သည် ဗုဒ္ဓဘာသာဝင်တို့၏ ရာသီပွဲတော်ဖြစ်သည်။ စုပေါင်းခေါ်ဝေါ်ထားသည့် “ဝါဆိုပွဲတော်” ဖြစ်သည်။

**ဝါဆိုလ မြတ်လေးပန်း**

ယခုကာလတွင် မြတ်လေးပန်းနှင့် ပုန်းညက်ပန်းတို့ပွင့်ကြပြီး ရှေးမြန်မာတို့က မြတ်လေးပန်းအား ဝါဆိုလ၏ ရာသီပန်းအဖြစ် သတ်မှတ်ထားကြသည်။ မြတ်လေးပန်းသည် တော်ဝင်ပန်း ဖြစ်သည့်အလျောက် ကုန်းဘောင်ခေတ်တစ်လျှောက်လုံး မြတ်လေးပန်းအဆီကို နန်းတွင်းသုံး ခေါင်းလိမ်းဆီအဖြစ် မြတ်မြတ်နိုးနိုးအသုံးပြုကြကြောင်း လေ့လာမှတ်သားရပါသည်။ မြတ်လေးပန်း၏ ထူးခြားချက်မှာ အပွင့်ကို ဆွတ်ခူးမည့်သူမရှိပါက ဘယ်သောအခါမျှ အလိုအလျောက်မြေမခဘဲ နွမ်းခြောက်သွားသည့်အချိန်ထိ ပင်ယံထက်တွင် တည်ပါသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများအား ဣန္ဒြေသိက္ခာ ထိန်းသိမ်းကြရာ၌ “မြတ်လေးပန်းလိုကျင့်” ဟု ပမာနှိုင်း၍ ဆိုကြသည်။

ဝိမာနဝတ္ထု အဋ္ဌကထာတွင်လည်း ပန်းတွင် မုလေးပန်းက မြတ်ကြောင်းဆိုထားသည်။ ရွှေထီးရွှေနန်းမင်းအဆက်ဆက် ထွက်စံတော်မူရာ ရာဇမတ်တန်းမင်းလမ်းများတွင် တံခွန်ကုက္ကား၊ မုလေးပွားစိုက်ဆောက်သည်မှာလည်း အခါခပ်သိမ်း မုလေးပန်းဆိုင်းမရသောကြောင့် မုလေးပန်းတုအထည်စက္ကူများကို ပြုလုပ်ကြရကြောင်း၊ ထို့ကြောင့် မုလေးပွားဟုခေါ်ဆိုကြောင်း လေ့လာမှတ်သားရပါသည်။

မြန်မာ့ဆေးကျမ်းတွင် “မြတ်လေးပင်သည် ဖန်၊ ခါး၏။ စပ်၏။ ပူ၏။ ကြေကျက်လွယ်၏။ အန်စေတတ်၏။ ဒေါသသုံးပါးကို ငြိမ်းစေတတ်၏” ဟု ညွှန်းဆိုထားသည်။ မုလေးပွင့်၊ မုလေးမုံ၊ မုလေးရွက်တို့၏အကျိုးကို သီရိရာဇေန္ဒြသေန ရသေ့စီရင်သည့် ဒြဗျဂုဏ်ဆေးကျမ်းတွင် “မုလေးပန်းသည် သလိပ်နာ၊ သည်းခြေနာ၊ သွေးနာ၊ ပေါက်သောအနာ၊ ပိုးနာ၊ နူနာကိုပယ်နိုင်၏။ ထိုမုလေးပန်း၏ အမုံအကင်းသည် မျက်စိနာနှင့်သင့်၏။ ထိုမုလေးရွက်သည် သလိပ်သည်းခြေကိုနိုင်၏”ဟု ဆိုထားသည်။ ဝေဿာမိတ္တာ ရသေ့စီရင်သည့် သရရတုကထနဆေးကျမ်းတွင် “မုလေးကျီးပေါင်းကို ရေဝတီနက္ခတ်အကြိုက်တွင် ယူဆောင်လျှင်၊ လူအပေါင်းတို့ စကားကို နာယူရသည်” ဟု ဆိုထားသည်။

အချုပ်အားဖြင့်ဆိုသော် ဝါဆိုကာလသည် ဗုဒ္ဓဘာသာမြန်မာတို့အတွက် မွန်မြတ်သောလတစ်လ ဖြစ်သည်။ သက်ကြီး၊ ဝါကြီး ပုဂ္ဂိုလ်များကို ပူဇော်ကန်တော့ပွဲများ ကျင်းပလေ့ရှိပြီး နိုင်ငံတစ်ဝန်း၌ ကုသိုလ်ကောင်းမှုများဖြင့် တိုးပွားပြည့်စုံနေသော လတစ်လဖြစ်ရာ ရခဲလှသော လူ့ဘဝအချိန်ကာလအတွင်း ဝါဆိုဆန်းအချိန်ကာလကစ၍ ကောင်းမှုကုသိုလ်တရားများ ပွားများကြစေလိုပါကြောင်း နှိုးဆော်သမှု ပြုအပ်ပါသည်။ ။

> “မျက်မှောက်ကာလတွင်မူကား ပဉ္စင်းတော်ခံပွဲကို ရှေးအခါကကဲ့သို့ ဝါဆိုလ၌သာ ကျင်းပလေ့မရှိတော့ဘဲ ရာသီဥတုသာယာသည့် ဆောင်း၊ နွေ ဥတုနှစ်ပါးစလုံးတွင် မိမိတို့အဆင်ပြေသည့်လ၌ ကျင်းပလေ့ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ဝါဆိုလ၏ ရာသီပွဲတော်မှာ ပဉ္စင်းတော်ခံပွဲမဟုတ်တော့ဘဲ သံဃာတော်များ ဝါဆိုပွဲ၊ ဝါဆိုပန်းပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးဝါကြီး ပူဇော်ကန်တော့ပွဲတို့ကို စုပေါင်းခေါ်ဝေါ်ထားသည့် ဝါဆိုပွဲတော်သည် ဗုဒ္ဓဘာသာဝင်တို့၏ ရာသီပွဲတော်ဖြစ်သည်”



**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ**

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေ လုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

## လဲချားမြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

**လဲချား ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၌ သီရိမင်္ဂလာဓမ္မစကူးလ် (ပဋ္ဌမကြိမ်မြောက်) ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆိုဖွင့်လှစ်၍ ဓမ္မစကူးလ် အဓိဋ္ဌာန် သုံးချက်၊ ဇာတိမာန်သီချင်းတို့ သံပြိုင်သီဆိုပြီး စတင်ကြသည်။ အခမ်းအနားကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲထွန်းဦး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျနှင့် ကျောင်းအတွင်းရေးမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး ကျောင်းအတွင်းရေးမှူး ဦးဝင်းမော်က သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းပြောကြားသည်။ ပဋ္ဌမအကြိမ် ဖွင့်လှစ်သည့် အဆိုပါသင်တန်းတွင် ကျောင်းသားကျောင်းသူ ၂၅၀ တက်ရောက်ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယာဉ်စည်းကမ်းဆိုင်ရာ အသိပညာပေး

**ရန်ကုန် ဇူလိုင် ၆**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပရာ အမှတ်(၂၇) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ခေတ္တစုမှူး ဒုရဲမှူး အောင်ဇော်ထွန်းက ဟောပြောဆွေးနွေးသည်။

ထို့နောက် အမေးအဖြေကဏ္ဍတွင် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုရဲမှူး အောင်ဇော်ထွန်းက ပြန်လည်ဖြေကြားပေးသည်။ **ဖြိုးစန္ဒာ(ပြန်/ဆက်)**

## ဇနုဖြူမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဇနုဖြူ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ္ဘာ့ကျေးလက်ဖွံ့ဖြိုးရေးနေ့ (World Rural Development) အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ငါးဘတ်အိုင်ခေတ်မီစံပြကျေးရွာ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်တာဝန်ရှိသူများနှင့် ဒေသခံများက မန်ကျည်းရှား၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ စိန်ပန်း၊ ကံ့ကော် ပျိုးပင် ၂၀၃ ပင်ကို စုပေါင်းစိုက်ပျိုးကြသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



## ကျောက်တန်းမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုး

**ကျောက်တန်း ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၌ မိုးစပါးရာသီတွင် ကောက်စိုက်စက်ဖြင့် မှော်ဘီ (၃)စပါး စံပြစိုက်ခင်းစိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် အရှေ့ပိုင်းရပ်ကွက် ကွင်းအမှတ် (၆၂၈-A)၊ ဦးပိုင်အမှတ် (၃၀)၊ ဧရိယာ ၁၀ ဒသမ ၀၀ ဧကရှိ တောင်သူဦးဌေးလွင်၏ လယ်မြေ၌ စံပြစိုက်ပျိုးပွဲ ကျင်းပသည်။

အဆိုပါစံပြစိုက်ခင်းစိုက်ပျိုးရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသန့်နှင့်ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်းအင်အား ၃၀ တက်ရောက်ကြသည်။ **သန့်ဇင်ထွန်း**



## လမ်းမတော်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက(၂) ကျောင်းအတွင်းရှိ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်လေးများ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဇူလိုင် ၄ ရက်က အထက (၂) လမ်းမတော် မြတ်ပညာခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစံကျော်က အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

လူငယ်စကားဝိုင်း ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်နှင့် တွဲဖက်ပါဝင်ဆွေးနွေးသူအဖြစ် လမ်းမတော်မြို့နယ် ဦးစီးအရာရှိ ဒေါ်တင်တင်စိန်တို့က ဆောင်ရွက်ကြပြီး Grade 11 မှ မောင်ဝင်းခန့်က လူငယ်နှင့်ပညာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 မှ မောင်ရှင်းသန့်နောင်က လူငယ်နှင့် ယဉ်ကျေးမှုခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade 10 မှ မောင်ကျော်သူရအောင်က လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade 10 မှ မသဇင်ဝေက လူငယ်နှင့် စာပေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade 11 မှ မကလျာမမက လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade 10 မှ မသင်းသဇင်ဦးက လူငယ်နှင့် စာရိတ္တ ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

**ကျော်ဆန်းမြင့်**

## လက်ပံတန်း၌ အမှိုက်ခွဲခြားစွန့်ပစ်ရေးအသိပညာပေး

**လက်ပံတန်း ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၃ ရက်က အမှိုက်အမျိုးအစားလေးမျိုး ခွဲခြားစွန့်ပစ်ရေး အသိပညာပေးဆွေးနွေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းစန်းက အမှိုက်အမျိုးအစား လေးမျိုး ခွဲခြားစွန့်ပစ်နိုင်ရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးမှူး ဒေါ်စုမြတ်သန္တာဖွေးက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စနစ်တကျ အမှိုက်စွန့်ပစ်ရေးတို့ကို လည်းကောင်း ဆွေးနွေးဟောပြောကြောင်း သိရသည်။ **အောင်ဆင့်**

## နည်းပညာတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

**ဘားအံ ဇူလိုင် ၆**

ကရင်ပြည်နယ် နည်းပညာတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှု အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃ ရက်က နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ဆရာကြီး ဒေါက်တာ အောင်ဇော်လတ်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**



ဦးစွာ အမှတ်(၃၁) မူးယစ်တပ်ဖွဲ့စုမှ ဒုရဲမှူး အောင်မြင့်ဝင်းက မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောခြင်း၊ အမှတ် (၈) လူကုန်ကူးမှု တားဆီးရေးအဖွဲ့စုမှ ဒုရဲမှူးသိန်းဇော်မြင့်က လူကုန်ကူးမှု အန္တရာယ်ဆိုင်ရာ အသိပညာပေးများ ဟောပြောခြင်း၊ အမှတ်(၁၀) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲမှူးဟန်မွေးက ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းဆိုင်ရာ အကြောင်းအရာများ အသိပညာပေး ဟောပြောပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်စုံအောင်က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ Quick Win စီမံချက်(၅)ရပ်၊ ဆိုင်ကယ်လိုင်စင် လျှောက်ထားမှုဆိုင်ရာကား၊ ဆိုင်ကယ် မောင်းနှင်သူများ လိုက်နာရမည့်အချက်များ အကြောင်း ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**



သာယာဝတီမြို့နယ် သမဝါယမဦးစီးဌာနနှင့် သာယာဦးငွေစုငွေချေး သမဝါယမအသင်းလီမိတက်က ဇူလိုင် ၄ ရက်တွင် အသင်းသားများ၏ စုဆောင်းငွေပေါ်အတိုးနှင့် အစုအမြတ်ငွေများကို တာဝန်ရှိသူများက အသင်းသားများအား ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

# မြောင်းမြမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးဖလား သုံးမြို့နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲကျင်းပ

**မြောင်းမြ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ဇူလိုင် ၅ ရက်က မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား သုံးမြို့နယ် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြောင်းမြမြို့ မြို့မအားကစားကွင်းအတွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားသည်။

ပြိုင်ပွဲ၏အဖွင့်ပွဲစဉ်ဖြစ်သော



မြောင်းမြမြို့နယ် အမျိုးသမီးဘောလုံးအသင်းနှင့် ဝါးခယ်မမြို့နယ် အမျိုးသမီးဘောလုံးအသင်းတို့၏ ပွဲစဉ်အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက စပေးဘော (First Touch Ball) စပေးကာ အဖွင့်ပွဲစဉ်ကို စတင်ပေးခဲ့သည်။ အဆိုပါ ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ခြောက်သင်း ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ အဖွင့်ပွဲစဉ်တွင် မြောင်းမြမြို့နယ် အမျိုးသမီး ဘောလုံးအသင်းမှ ဝါးခယ်မမြို့နယ် အမျိုးသမီး ဘောလုံးအသင်းအား ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**အောင်ဖြိုး**

# ကျောက်တန်းမြို့နယ်၌ မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ကျောက်တန်း ဇူလိုင် ၆**

ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၅ ရက်က ကျောက်တန်းမြို့နယ် သီလဝါဆိပ်ကမ်း ဥပစာလမ်းမကြီးဘေးနေရာတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်နှင့် အဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ယာယီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များက ပျဉ်းကတိုး ၁၀၂ ပင်၊ မဟော်ဂနီ ၁၀၀၊ မန်ကျည်းရှား ၂၃၅ ပင်၊ ခရေ နှစ်ပင် စုစုပေါင်း ၄၃၉ ပင် စိုက်ပျိုးကြသည်။

**သန့်ဇင်ထွန်း**

# လေးမျက်နှာမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြ

**လေးမျက်နှာ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာ ကွင်းအမှတ် (၁၂၃)၊ ဦးပိုင်အမှတ် (၂၆) တောင်သူ ဦးငွေအောင်၏ လယ်မြေ၌ ဇူလိုင် ၄ ရက်က စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်သော ၂၀၂၅ ခုနှစ် မိုးရာသီကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။

ဦးစွာ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဦးက KUBOTA ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကြောင့် လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု နည်းပါးခြင်း၊ ပျိုးထောင်ဧရိယာအနည်းငယ်သာ လိုအပ်ခြင်း၊ သန်မာ၍ ရောဂါကင်း



သော ပျိုးပင်များရရှိခြင်း၊ ပင်ပွားနှုန်းကောင်းပြီး စပါးအထွက်နှုန်းကောင်းစေခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော စပါးခင်းအား စပါးရိတ်စက်၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် အလွယ်တကူ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် တာဝန်ရှိသူများက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို ကြည့်ရှုအားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုက်ထိုမြို့နယ်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း သုံးထပ်ကျောင်းဆောင်သစ် လွှဲပြောင်းအပ်နှံ

**ကျိုက်ထို ဇူလိုင် ၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်း(အထက-၂) ကျိုက်ထို၏ သုံးထပ်ကျောင်းဆောင်သစ် လွှဲပြောင်းအပ်နှံပွဲအခမ်းအနားကို ဇူလိုင် ၄ ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်ညိုက ကျောင်းဆောင်သစ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် အချက်အလက်များကို ငြိမ်းဇ်ဝေကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးဦးမောင်ညိုက လက်ခံပြီး ကျောင်းဆောင်သစ်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျောင်းဆောင်သစ်မှာ RCC သုံးထပ်ဖြစ်ပြီး အလျား ၁၇၄ ပေ၊ အနံ ၃၂ ပေရှိ၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ငွေကျပ်ပေါင်း ၉၁၅ ဒသမ ၁၈၃ သန်းဖြင့် ဆောက်လုပ်ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်း(သထုံ)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော



**သထုံ ဇူလိုင် ၆**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(သထုံ)တို့ ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၄ ရက်က မြေနီကုန်းကျေးရွာရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများဖတ်ရှုကြရေး၊ စာပေလေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေးတို့ကို လည်းကောင်း၊ မြို့နယ်စာရေးဆရာများအသင်း ဥက္ကဋ္ဌ စာရေးသူ ရွှေထုံခင်သီတာလှိုင်က လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေးစသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးဟောပြောသည်။

**ခရိုင်(ပြန်/ဆက်)**



# အမရပူရမြို့နယ်၌ (၁၀၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကျင်းပ

**အမရပူရ ဇူလိုင် ၆**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လေးစုရပ်ရှိ သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ဇူလိုင် ၃ ရက်က (၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်က အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး အမရပူရမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်လေးနှင့် အမရပူရမြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က သမဝါယမအကြောင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



# ကြာအင်းဆိပ်ကြီး၌ သဘာဝဘေးကာကွယ်ရေးကြိုတင်လေ့ကျင့်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၆**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၁)ရပ်ကွက် အခြေခံပညာကျောင်းဝင်း၌ ယနေ့နံနက်ပိုင်းက သဘာဝဘေးအန္တရာယ်ကြိုတင် သရုပ်ပြလေ့ကျင့်ခြင်းနှင့် သရုပ်ပြသခြင်း အခမ်းအနားကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇင်မင်းထက်က ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ရှင်းလင်းပြသသည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းရှိ ရေကန်တွင် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်သက်ကယ်သရုပ်ပြသခြင်းနှင့် ကျန်းမာရေး ဝန်ထမ်းများက အရေးပေါ်လူနာအား အရေးပေါ်ကုသမှု သရုပ်ပြသခြင်းများ ဆောင်ရွက်ရာ ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ အသင်းအဖွဲ့များက တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ ဒေသခံပြည်သူ စုစုပေါင်း ၂၀၀ တက်ရောက်အားပေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**



အီတလီတင်းနစ်အကျော်အမော်
ဂျန်းနစ်ခ် ဆင်းနား

## ကမ္ဘာ့အဆင့် (၁) ဆင်းနား ဝင်ဘယ်ဒန်ပြိုင်ပွဲ ၁၆ ဦးအဆင့် တက်လှမ်း

ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် ကမ္ဘာ့အဆင့် (၁) အီတလီတင်းနစ်အကျော်အမော် ဂျန်းနစ်ခ် ဆင်းနားသည် ပြိုင်ဘက်စပိန်တင်းနစ်ကစားသမား ပက်ဒရိုမာတီနက်ဇ်ကို ၆-၁၊ ၆-၃၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

၎င်းသည် ဝင်ဘယ်ဒန်ပြိုင်ပွဲ ပထမအဆင့်တွင် အီတလီတင်းနစ်ကစားသမား နာဒီကို ၆-၄၊ ၆-၃၊ ၆-၀ ရလဒ်ဖြင့်လည်းကောင်း၊ ဒုတိယအဆင့်တွင် ဩစတြေးလျတင်းနစ်ကစားသမား အလက်ဇန္ဒြား ဗူကစ်ကို ၆-၁၊ ၆-၁၊ ၆-၃ ရလဒ်ဖြင့်လည်းကောင်း အနိုင်ယူကျော်ဖြတ်ထားသည်။

၎င်းသည် ဝင်ဘယ်ဒန်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဘူလ်ဂေးရီးယားတင်းနစ်အကျော်အမော် ဒီမစ်ထရော့ဗ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဒီမစ်ထရော့ဗ်သည် ဝင်ဘယ်ဒန်အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ တတိယအဆင့်တွင် ဩစတြီးယားတင်းနစ်ကစားသမား ဆီဗက်စတီယန် အော့ဖ်နာနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၄၊ ၇-၆ (၇-၀) ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

## ဝင်ဘယ်ဒန်ပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ဆွီယာတက်ခ်နှင့် တော်ဆန်တို့ ဆုံတွေ့

ဝင်ဘယ်ဒန် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ကမ္ဘာ့အဆင့် (၈) ရှိ ပိုလန်တင်းနစ်မယ် ဆွီယာတက်ခ်သည် ကမ္ဘာ့အဆင့် (၂၃) တွင် ရပ်တည်နေသည့် ဒိန်းမတ်တင်းနစ်မယ် ကလဲယာ တော်ဆန်နှင့် ဆုံတွေ့နေသည်။

နာမည်ကြီး ဆွီယာတက်ခ်သည် ယခုနှစ်ရာသီတွင် ဖလားဆွတ်ခူးထားနိုင်ခြင်း မရှိသေးဘဲ အင်ဒီးယန်းဝဲလ်စ်၊ မက်ဒရစ်အိုးပင်း၊ ပါရီအိုးပင်းပြိုင်ပွဲတို့တွင် အမြင့်ဆုံးအဖြစ် ဆီမီးဖိုင်နယ်သို့ တက်လှမ်းထားနိုင်သည်။

၎င်းသည် ယခုဝင်ဘယ်ဒန်ပြိုင်ပွဲတွင် ကူဒါမီတိုဗာ၊ မက်နဲယ်လီ၊ ကောလင်းစ်တို့ကို ကျော်ဖြတ်ကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ပြိုင်ဘက် တော်ဆန်က နာမည်ကြီးတင်းနစ်မယ်များဖြစ်သည့် ဝတ်ဆန်၊ ကာလင်စကာယာ၊ ရှိုင်ဘာကီနာတို့ကို ကျော်ဖြတ်ကာ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသူ ဖြစ်သည်။

တော်ဆန်သည် အော့ကလန်အိုးပင်းပြိုင်ပွဲတွင် ဖလားဆွတ်ခူးထားပြီး ဒူဘိုင်းတင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်လှမ်းထားနိုင်ခဲ့သည်။ ထို့အပြင် ၎င်းသည် နော်တင်ဟမ်အိုးပင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်သို့ တက်လှမ်းထားနိုင်သူ ဖြစ်သည်။



■ ဝင်ဘယ်ဒန်အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်သို့ တက်လှမ်းလာသည့် ဆွီယာတက်ခ်နှင့် တော်ဆန်။



## ဂယိုကာရက်စ်ကို ခေါ်ယူရန် အာဆင်နယ် ဆွေးနွေး

အာဆင်နယ်အသင်းသည် စပို့တင်းအသင်းမှ ဆွီဒင်တိုက်စစ်ကစားသမား ဗစ်တာ ဂယိုကာရက်စ်ကို ခေါ်ယူရန် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် အသက် ၂၇ နှစ်အရွယ် အဆိုပါ တိုက်စစ်ကစားသမားကို အပြီးသတ် စာချုပ်ခေါ်ယူရန် အရှိန်မြှင့် လုပ်ဆောင်လျက်ရှိသည်။ ၎င်းသည် ပေါ်တူဂီကလပ် စပို့တင်းအသင်းတွင် နှစ်ရာသီအတွင်း ၁၀၂ ပွဲပါဝင်ကစားထားကာ ၉၇ ဂိုးအထိ သွင်းယူပေးထားနိုင်သူ ဖြစ်သည်။

## ချယ်ဆီးက ဂစ်တန်းစ်ကို အပြီးသတ် ခေါ်ယူ

ချယ်ဆီးအသင်းသည် ဒေါ့မွန်တောင်ပံကစားသမား ဂျေမီဂစ်တန်းစ် (၂၀ နှစ်) ကို ပေါင် ၄၈ ဒသမ ၅ သန်းအပြင် အပိုဆုကြေး ပေါင် ၃ ဒသမ ၅ သန်းဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်တွင် မန်စီးတီးမှ ချယ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် ချယ်ဆီးအသင်းနှင့် ခုနစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် ဒေါ့မွန်အသင်းအတွက် ၁၀၇ ပွဲပါဝင်ကစားထားပြီး ၁၇ ဂိုး သွင်းယူပေးထားသည်။





## ဘရိုက်တန်က မဇင်ဒီကူပါကို ခေါ်ယူ

ဘရိုက်တန်အသင်းသည် ကလပ်ဘရုဂေးအသင်းမှ ဘယ်လ်ဂျီယံခံစစ်ကစားသမား မဇင်ဒီကူပါ (၂၄ နှစ်) ကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ဘယ်လ်ဂျီယံအသင်းအတွက် ၁၀ ပွဲပါဝင်ကစားထားသော ကူပါသည် ပြောင်းရွှေ့ကြေး ပေါင် ၁၇ ဒသမ ၅ သန်းဖြင့် ဘရိုက်တန်အသင်းသို့ ရောက်ရှိလာကြောင်း သိရသည်။ ၎င်းသည် ပြီးခဲ့သည့်ရာသီတွင် ကလပ်ဘရုဂေးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၅၄ ပွဲပါဝင်ကစားထားပြီး ချန်ပီယံလိဂ် ၁၆ သင်း အဆင့်သို့ ရောက်ရှိအောင် ကူညီပေးထားနိုင်သည်။




## ကမ္ဘာမြေကို ရုတ်တရက် ကျောခိုင်းသွားသော လီဗာပူးတိုက်စစ်ကစားသမား ဂျိုတာ

လီဗာပူးအသင်း အဓိက တိုက်စစ် ကစားသမားတစ်ဦးဖြစ်သူ ဒီယေဂို ဂျိုတာဟာ ဇူလိုင် ၃ ရက်က စပိန်နိုင်ငံ ဇာမိုရာပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ကားမတော်တဆမှုအတွင်း ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။ ၎င်းကွယ်လွန်ချိန်မှာ အသက် ၂၈ နှစ်သာရှိသေးပြီး ပရော်ဖက်ရှင်ကစားသမားတစ်ယောက်အတွက် အကောင်းဆုံးအချိန်၊ အထွန်းတောက်ဆုံးအချိန်မှာ ဒီလိုမယုံနိုင်စရာကောင်းလောက်အောင် ဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးမျိုးနဲ့ ကြုံတွေ့ခဲ့ရတာပါ။ ဂျိုတာနဲ့အတူ ညီတော်စပ်သူ အန်ဒရီဆေးဗားလ်လည်း ကွယ်လွန်သွားခဲ့ပါတယ်။

### သွားလမ်းသာပြီး ပြန်လမ်းမဖြောင့်ခဲ့

ဂျိုတာမကွယ်လွန်မီ ၁၁ ရက်အလိုမှာ ကာလရှည်လက်တွဲခဲ့တဲ့ ရုသ်ကာဒီဆိုနှင့် လက်ထပ်ထိမ်းမြားခဲ့ပြီး ၎င်းကွယ်လွန်ချိန်မှာ သားသမီး သုံးဦးကျန်ရှိခဲ့ပါတယ်။ အသေးစား ခွဲစိတ်ကုသမှုခံယူထားတဲ့အတွက် ဆရာဝန်က ဂျိုတာကို လေယာဉ်မစီးဖို့ အကြံပြုခဲ့တာကြောင့် ရာသီအကြို လေ့ကျင့်ရေးအတွက် အန်းဖီးလ်ကို ကားတွေ၊ သင်္ဘောတွေနဲ့ ပြန်လာဖို့ အကြောင်းဖန်လာခဲ့တာပါ။ ဒါပေမယ့် ဂျိုတာအတွက် သွားလမ်းသာပြီး ပြန်လမ်း မဖြောင့်ခဲ့ပါဘူး။ အန်းဖီးလ်ကိုလာတဲ့ လမ်းခုလတ်မှာ အမှတ်တရများစွာ ချန်ရစ်ပြီး ကမ္ဘာလောကကြီးကနေ အပြီးတိုင် နှုတ်ဆက်ထွက်ခွာသွားပါပြီ။ ဂျိုတာကွယ်လွန်ခြင်းဟာ ဘောလုံးလောကတစ်ခုလုံး တုန်လှုပ်စေခဲ့ပြီး လီဗာပူးအသင်းနဲ့ ပရိသတ်တွေအတွက် ကြီးမားတဲ့ ဆုံးရှုံးမှုတစ်ခု ဖြစ်ပါတယ်။

**ချစ်တဲ့သူ၊ ခင်တဲ့သူ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မနေ့တနေ့ကမှ အတူတူရယ်မောပြောဆိုခဲ့သူတစ်ဦးဟာ ယနေ့မှာတော့ အမှတ်တရတွေအဖြစ်သာ ကျန်ရစ်ခဲ့တယ်ဆိုတဲ့ အသိကလည်း လီဗာပူးအသင်းနဲ့ ပရိသတ်တွေတွေရဲ့ ရင်ထဲမှာ စူးနစ်သလို ခံစားရမှာ အသေအချာပါပဲ**

### ဆုဖလားများစွာ ဆွတ်ခူး

ဂျိုတာဟာ အန်းဖီးလ်ကို ၂၀၂၀ ပြည့်နှစ်မှာ ဝုဖ်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၈၂ ပါဝင်ကစားထားကာ ၆၅ ဂိုးသွင်းယူပြီး ၂၆ ကြိမ် ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် လီဗာပူးနဲ့အတူ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားနဲ့ လိဂ်ဖလားတို့ကိုလည်း ဆွတ်ခူးနိုင်ခဲ့ပါတယ်။ အန်းဖီးလ်ကို ဂျိုတာရောက်လာပြီးနောက် အသင်းရဲ့ တိုက်စစ်ပိုင်းက ပိုမိုပြီးပြည့်စုံတဲ့ တိုက်စစ်စုဖွဲ့မှုကို ပိုင်ဆိုင်သွားစေခဲ့ပြီး ဆုဖလားတိုင်းကို စိန်ခေါ် နိုင်စွမ်းရှိနေခဲ့တာပါ။ ဒါပေမယ့်လည်း လာမယ့်ပွဲစဉ်တွေကစပြီး လီဗာပူးအသင်းမှာ အားထားရတဲ့ တိုက်စစ်ကစားသမား ဂျိုတာ ပါဝင်လာတော့မှာ မဟုတ်ပေ။

ဘဝရဲ့ အလှဆုံးချိန်၊ အတောက်ပဆုံးအချိန်မှာ ရုတ်တရက်ဆိုသလို ကမ္ဘာလောကကနေ အပြီးတိုင် နှုတ်ဆက်ထွက်ခွာသွားတဲ့အခါ အသင်းနဲ့ ပရိသတ်တွေအတွက် လစ်ဟာမှုက ကြီးမားလွန်းပါတယ်။ ချစ်တဲ့သူ၊ ခင်တဲ့သူ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ မနေ့တစ်နေ့ကမှ အတူတူရယ်မော ပြောဆိုခဲ့သူတစ်ဦးဟာ ယနေ့မှာတော့ အမှတ်တရတွေအဖြစ်သာ ကျန်ရစ်ခဲ့တယ်ဆိုတဲ့ အသိကလည်း လီဗာပူးအသင်းနဲ့ ပရိသတ်တွေရဲ့ ရင်ထဲမှာ စူးနစ်သလို ခံစားရမှာ အသေအချာပါပဲ။

ဒါ့အပြင် အချိန်တိုင်း၊ နေရာတိုင်းမှာ သူ့ရဲ့ ဂိုးသွင်းမှတ်တမ်းတွေ၊ အပြုံးတွေ၊ စကားလုံးတွေ၊ ရယ်မောသံတွေ၊ ဖလားကိုင်မြှောက်အောင်ပွဲခံပုံတွေက စွဲထင်နေပြီး ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ဘူးဆိုတဲ့ အမှန်တရားက နာကျင်ခံစားရမှုကို ထပ်တိုးစေပါတယ်။ ။

■ မိုးဇက်-စုစည်းရေးသားသည်

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9 (Unit-3)

### Section (A) Listening

**I. Listen carefully and write whether each statement is TRUE or FALSE. (5 marks)**

1. Wai Yan went on holiday on his own. (1) .............
2. Wai Yan enjoyed his holiday. (2) .............
3. Myitkyina is to the north of Putao. (3) .............
4. A travel agency bought air tickets to Putao. (4) .............
5. Wai Yan's uncle is a travel agent. (5) .............

### Section (B) Reading

**II. Fill in the blanks with the correct verbs. Change the forms of the verbs if necessary. (5 marks)**

| | | | |
|---|---|---|---|
| do | make | have | take |

1. He never ............ any mistakes. He is smart.
2. She ............ all the cooking by herself.
3. Let's ............ a break. All of us are tired.
4. We ............ a great time ............ rock climbing last Sunday.
5. He ............ money by selling furniture.
6. My sister ............ physical exercise regularly to keep herself fit and healthy.
7. ............ a seat and make yourself at home. I'll be back in a minute.
8. You can ............ a haircut at a beauty salon.

### Section (C) Writing

**III. Fill each blank with an appropriate word. The initial letters are given to help you. (5 marks)**

1. Many people choose holiday destinations for s........... or adventure.
2. Indawgyi Lake is located in K........... State.
3. For those who love k..........., trekking, and cycling, Indawgyi Lake is a great destination.
4. The lake is about 8.1 m........... from east to west.
5. Visitors can hire m..........., kayaks, and bamboo bicycles in Lonton Village.
6. Cycling along the lake in the e........... morning is an unforgettable experience.
7. The famous S........... M........... Pagoda is located in the lake.
8. The pagoda festival is held in M........... every year.
9. About 20,000 b........... migrate to Indawgyi Lake from Siberia.
10. The birds come to escape the u........... winter of Siberia.
11. The best time to see migratory birds is between N........... and March.
12. Watching birds fly in f........... over the lake is a rare sight.

**Answer Keys**

I. 1. False 2. True 3. False 4. False 5. False

II. 1. makes 2. does 3. have 4. had, doing 5. makes 6. does 7. Take 8. have

III. 1. sightseeing 2. Kachin 3. kayaking 4. miles 5. motorboats 6. early 7. Shwe, Myitzu 8. March 9. birds 10. unpleasant 11. November 12. flocks

## Grade-10 (Unit-3)

**I. Complete the dialogue with the expressions given in the box. There is an extra. (5 marks)**

| |
|---|
| they can reduce accidents |
| But what about the safety concerns |
| I see |
| Exactly |
| can operate without a human driver |
| Where can we buy them |

Wai Yan : Hey, have you heard about self-driving cars?

Zin Aung : Yes, I have! They're vehicles that ....... (1) ......., right?

Wai Yan : ....... (2) .......! They use sensors and powerful processors to navigate and make decisions.

Zin Aung : That's so interesting. ....... (3) .......?

Wai Yan : Well, they have their advantages and disadvantages. For instance, ....... (4) ....... caused by human error, but there are also challenges with sensors in bad weather.

Zin Aung : ....... (5) ......., It's a fascinating technology with a lot of potential.

**Answer Keys**

I. 1. can operate without a human driver
2. Exactly
3. But what about the safety concerns
4. they can reduce accidents
5. I see

## Grade-11 (Unit-3)

**I. Choose the appropriate words or phrases to complete the sentences. (10 marks)**

1. Memory can mean something we ...........
(A) eat (B) forget (C) remember
2. The second meaning of memory is the ........... to remember.
(A) ability (B) action (C) plan
3. A frightful storm in recent ........... is an example of memory's third meaning.
(A) life (B) memory (C) event
4. Psychology books say there are ........... kinds of memory.
(A) two (B) three (C) four
5. Episodic memory stores our ........... experiences.
(A) future (B) past (C) imaginary
6. Remembering your first day at school uses ........... memory.
(A) episodic (B) semantic (C) short-term
7. Semantic memory is about things we ...........
(A) dream (B) know (C) guess
8. We know cats and dogs are not the same through ........... memory.
(A) procedural (B) emotional (C) semantic
9. Fire is hot and ice is cold – this is known through ........... memory.
(A) episodic (B) semantic (C) long-term
10. Procedural memory helps us ........... skills.
(A) write (B) perform (C) watch
11. Riding a bicycle is a ........... stored in procedural memory.
(A) story (B) rule (C) skill
12. Our ability to perform procedural skills may ........... with age. (A) improve (B) decline (C) disappear quickly
13. Short-term memory holds information for a ........... time. (A) short (B) very long (C) useless
14. When we take lecture notes, we use ........... memory.
(A) long-term (B) short-term (C) no
15. To keep information longer, we must ........... it.
(A) hide (B) forget (C) memorize

**Answer Keys**

I. 1. (C) remember 2. (A) ability 3. (B) memory 4. (B) three 5. (B) past 6. (A) episodic 7. (B) know 8. (C) semantic 9. (B) semantic 10. (B) perform 11. (C) skill 12. (B) decline 13. (A) short 14. (B) short-term 15. (C)memorize

## Grade-12 (Unit-3)

**I. Complete the sentences with the appropriate words. The initial letters are given. (10 marks)**

1. Diet is the food we c............. regularly.
2. Nutrition refers to the process by which living things receive food for growth and h..............
3. A nutritious diet is a mixture of all the n............. our body needs.
4. Diet and nutrition are strongly linked to e............. factors.
5. Foods can be classified into groups like grains, fruits, vegetables, and m............. products.
6. Carbohydrates are found in energy-giving foods like r............. and wheat.
7. Fresh fruits and vegetables provide minerals, v........., and fibre.
8. Beans and animal products are rich in p..............
9. Vegetable oil and nuts are examples of l.............-rich foods.
10. A balanced diet includes more fruits, vegetables, and g..............
11. Lack of essential nutrients can cause i............. health.
12. A balanced diet strengthens the i............. system.
13. Preventive medicine includes taking v............. supplements.
14. Processed foods like canned meat contain high amounts of s..............
15. Artificial colourings in processed foods are harmful c..............

**Answer Keys**

I. 1. consume 2. health 3. nutrients 4. environmental 5. milk 6. rice 7. vitamins 8. proteins 9. lipid 10. grains 11. ill 12. immune 13. vitamin 14. sodium 15. chemicals

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း – 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား (၁၃)ကြိမ်မြောက် အခမဲ့စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းများဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၆**

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ သီတဂူမျက်စိအထူးကုအဖွဲ့၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများက ခေတ်မီစမ်းသပ်စစ်ဆေးသောစက်ကြီးများဖြင့် မျက်စိဝေဒနာရှင်များအား (၁၃) ကြိမ်မြောက် အခမဲ့စမ်းသပ်၊စစ်ဆေး ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အခမဲ့စမ်းသပ်၊ ခွဲစိတ်ခြင်းများကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းရှိ သီတဂူဆေးရုံတော်၊ ကိုးထပ်ကျောင်းဆောင်၌ ဇူလိုင် ၂ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များက သီတဂူမျက်စိဆေးရုံတော်သို့ လာရောက်ပြသလျက်ရှိသည်။

ယင်းသို့ အခမဲ့၊ စမ်းသပ်၊ ခွဲစိတ်ခြင်းများ ဆောင်ရွက်ရာ ဇူလိုင် ၂ ရက်တွင် မျက်စိဝေဒနာရှင် ၅၈၁ ဦး၊ ဇူလိုင် ၃ ရက်တွင် ၆၈၆ ဦးအား စမ်းသပ်စစ်ဆေးပေးပြီး ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ ခွဲစိတ်ကုသမှုခံယူရမည့် မျက်စိဝေဒနာရှင်များကို နေ့စဉ် ၁၀၀ ခန့် ခွဲစိတ်ပြီး မျက်စိအလင်းအလှူတော်ကို ပြုလုပ်သွားမည်ဖြစ်သည်။

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါတွင် သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပေးရာ ဆေးရုံတော်ပေါင်း ၄၄ ရုံအထိ ဖွင့်လှစ်ပြီး မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကို ကြည့်ရှုပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (သဃ်န်းကျွန်းခရိုင်) ၏ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်ဝင်းအတွင်း ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ ဦးဝဏ္ဏ ဦးဆောင်သော ဗဟိုကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှု အားပေးသည်။(အပေါ်ပုံ)



အလုပ်အမှုဆောင်အဖွဲ့၊ သဃ်န်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် စည်ပင်သာယာရေး

သစ်ပင်စိုက်ပျိုးပွဲတွင် သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးကျော်စည်သူနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက သုဝဏ္ဏမြို့ဦးဆုတောင်းပြည့်စေတီတော်ဝင်းအတွင်း အရိပ်ရအပင်များဖြစ်သည့် ပျိုးပင်ပေါင်း ၁၅၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# ခရမ်းမြို့နယ် ကျုံကန်ကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်သစ်တောဦးစီးဌာနနှင့်ပူးပေါင်း၍ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကျုံကန်ကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာနေရာ၌ စိုက်ပျိုးသည်။

ဦးစွာ သန်လျင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူက မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာတွင် စိုက်ပျိုးရမည့် ပျိုးပင်များကို ခွဲဝေပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာသူ ကျေးရွာသားများနှင့် ပူးပေါင်း၍ ကျုံကန်ကျေးရွာ ကုန်ထုတ်လမ်းဘေးဝဲယာတွင် မန်ဂျန်ရှားပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**၂၂၂**

# ပြည်မြို့၌ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ငါးရာခိုင်နှုန်း ဈေးလျှော့ရောင်းချပေး

**ပြည် ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ မင်းဈေးရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်က သမဝါယမအသင်းသားပြည်သူများအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ငါးရာခိုင်နှုန်း ဈေးလျှော့ရောင်းချပေးခြင်း ဆောင်ရွက်သည်။ **(ယာပုံ)**

ထိုသို့ ရောင်းချပေးရာတွင် ဆန်၊ ဆီ၊ ပဲမျိုးစုံနှင့် အခြေခံစားသောက်ကုန်များအပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ပါဝင်ကာ စားသုံးသူသမဝါယမအသင်းသားမိသားစုများ လာရောက်ဝယ်ယူအားပေးကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**




# အောင်လံ၌ မြေသားကန်တိုးချဲ့တူးဖော်မှု စစ်ဆေး

**အောင်လံ ဇူလိုင် ၆**

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းက ကန်နှစ်ဆင့်ကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း၊ နုန်းထိန်းတမံတည်ဆောက်ခြင်းနှင့် ရေကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကျေးလက်ရေရရှိရေးနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံ ငွေကျပ် ၆၁ ဒသမ ၂ သန်းကို အကုန်အကျခံကာ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကုမ္ပဏီက ယခုနှစ် ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**




## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## လမ်းတံတားဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနမှ ၂၀၂၅-၂၀၂၆ (ဧပြီလ မှ မတ်လ)ဘဏ္ဍာရေးနှစ်အတွင်း ကမ်းနားလမ်း(ရှမ်းကလေးကျွန်းနှင့်ရွှေဂဲ)ကြား လမ်းခင်းခြင်းလုပ်ငန်း (လမ်းတာဘောင်တည်ဆောက်ခြင်း၊ Well-Graded Base အခြေခံလွှာတည်ဆောက်ခြင်းနှင့် လမ်းလယ်ကျွန်းတည်ဆောက်ခြင်း)အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါ၍ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာဝယ်ယူတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်နေ့ရက်** - ၈-၇-၂၀၂၅(အင်္ဂါနေ့)

(ခ) **တင်ဒါလျှောက်လွှာရောင်းချခြင်းပိတ်သိမ်းမည့်နေ့ရက်နှင့်အချိန်** - ၁၈-၇-၂၀၂၅(သောကြာနေ့) နံနက်(၀၉:၃၀)မှ(၁၂:၀၀)ထိ

(ဂ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၂-၇-၂၀၂၅(အင်္ဂါနေ့) နံနက်(၀၉:၃၀)မှ(၁၆:၃၀)ထိ

(ဃ) **တင်ဒါလျှောက်လွှာတစ်စောင်ဈေးနှုန်း** - ကျပ်၅၀၀၀၀/-(ကျပ်ငါးသောင်း)

၂။ တင်ဒါကော်မတီမှ တင်ဒါလျှောက်လွှာဝယ်ယူထားသည့် ကုမ္ပဏီများအား (၁၈-၇-၂၀၂၅) ရက်နေ့ နေ့လည်(၁၃:၀၀)နာရီတွင် တင်ဒါကိစ္စများ အကြိုရှင်းလင်းခြင်း(Pre-Bid Meeting) အစီအစဉ်အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကုမ္ပဏီများမှ တက်ရောက်ကြရန်ဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း- ၀၉-၄၄၁၀၂၁၄၂၃၊ ၀၉-၄၃၁၀၀၆၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**



## စာအုပ်စာပေ လူ့မိတ်ဆွေ။



## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၃/၂၀၂၅-၂၀၂၆)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မှော်ဘီမြို့နယ်တွင် ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ (၄)ထပ် (၁)လုံး ဆောက်လုပ်ခြင်း လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချ သွားမည်ဖြစ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ( ၈.၇.၂၀၂၅ )(အင်္ဂါနေ့)

(ခ) တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - ( ၂၁.၇.၂၀၂၅ )( တနင်္လာနေ့) ၁၆:၃၀ နာရီအထိ

(ဂ) တင်ဒါ ဖွင့်ဖောက်မည့် ရက်နှင့်အချိန် - ( ၂၂. ၇. ၂၀၂၅)(အင်္ဂါနေ့) နံနက် (၀၉ : ၀၀) နာရီ

(ဃ) တင်ဒါတင်သွင်းရမည့် နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး။

၃။ အသေးစိတ် အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း- ၀၉-၄၂၅၀၀၀၁၇၉ နှင့် ၀၉-၄၅၁၃၉၂၂၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုင်ပျဉ်းမြို့နယ်၊ လွယ်လုံကျေးရွာအုပ်စု စံပြကျေးရွာ၌ နေထိုင်သော မအီခင် ၁၃/မပတ(နိုင်)၀၆၂၅၅၉ ၏ဖခင် ဦးအဲကျို(ခ)ဦးအဲကျိုး ၁၃/မပတ(နိုင်)၀၃၄၇၆၅ သည် အမည်နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ-၂၂)**

**ဇေယျာသီရိခရိုင်တရားရုံးတော်**

**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၃)နှင့်ဆက်နွယ်သည့် ၂၀၂၅ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၅**

ဒေါ်နီလာတင်(ကွယ်လွန်သူ ဦးတင်ငွေ၏ တရားဝင်ကိုယ်စားလှယ်) နှင့် ၁။ ဦးသန်းထွန်း ၂။ဒေါ်တင်နွယ်ဦး ၃။ဦးမင်းအောင် ၄။ ဦးထွန်းထွန်းဦး

ဒီကရီအနိုင်ရသူ — တရားရှုံးများ

၁။ ဦးသန်းထွန်း၊ အမှတ်-၃၉၄၊ (၂)လွှာ၊ Bသမစိတ္တာလမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်

၂။ ဒေါ်တင်နွယ်ဦး၊ အမှတ်-၄၄/ခ၊ ရွှေတံခါးလမ်း၊ ခေတ္တရာမြို့သစ်၊ပြည်မြို့

၃။ ဦးမင်းအောင်၊ အမှတ်-၄၆၁၁၊ (၁၄)လမ်း၊ ဘောဂဝတီရပ်ကွက်၊ ပျဉ်းမနားမြို့

၄။ ဦးထွန်းထွန်းဦး၊ အမှတ်-၇၊ ဗဟိုလမ်းနှင့်ပန်းလှိုင်လမ်းထောင့်၊ စမ်းချောင်းမြို့နယ် သိစေရမည်။

၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် (၂၃)တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒေါ်နီလာတင်(ကွယ်လွန်သူ ဦးတင်ငွေ၏ တရားဝင်ကိုယ်စားလှယ်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြု လုပ် စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၇ရက်(၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မောင်မောင်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ဇေယျာသီရိခရိုင်တရားရုံး**

## CNG ကတ်ပျောက်

ကျွန်မ ဒေါ်မိုးသီတာထွေး ၁၄/ အဂပ(နိုင်)၀၀၁၅၃၃ ပိုင်ဆိုင်သော FF/2898၏ CNG ကတ်စ်ကတ်ပြား ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပါရန်။

**ဖုန်း-၀၉-၂၆၃၈၄၃၂၉၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးအောင်ကျော် ၁၂/ပဇတ(နိုင်)၀၀၆၇၁၈ နှင့် ဦးအောင်အောင်ကျော်မှာ အမည်နှစ်မျိုးကွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းသာ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်(ခ)**
**ဦးအောင်အောင်ကျော်**

## ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ ပုသိမ်မြို့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ လေးအိမ်စုတိုက်နယ် ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဒုတိယ အကြိမ်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် နေ့ရက်** | - | ၈-၇-၂၀၂၅ရက်(အင်္ဂါနေ့) |
| **တင်ဒါလျှောက်လွှာပိတ်မည့် နေ့ရက်/အချိန်** | - | ၂၈-၇-၂၀၂၅ရက် (တနင်္လာနေ့)ညနေ ၄နာရီ |
| **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** | - | ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၊သစ္စာလမ်း၊ ပုသိမ်မြို့ |

**ဧရာဝတီတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်(၂/ပဒေသာ)၊ ဦးပိုင်အမှတ် ၄၉၁၊ မြေဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဦးသုတလှိုင် ၇/ပမန(နိုင်)၁၁၂၁၅၅ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အထက(ခွဲ) အုတ်ရှစ်ကုန်း Grade-10 မှ ကျောင်းဝင်အမှတ်(၁၇၉၂) မအိမွန်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၁၄/မအန(နိုင်)၁၁၉၄၈၉ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၂-၂၀၀၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အမက ကျွဲတဲကုန်း Grade-5 မှ ကျောင်းဝင်အမှတ်(၀၀၈၄) မရှင်းသန့်ချို၏ ဖခင်အမည်မှန်မှာ ဦးသက် နိုင်ထွန်း ၇/ မညန(နိုင်)၀၇၈၀၈၉ ဖြစ်ပါကြောင်း။

**ဦးသက်နိုင်ထွန်း**
**၇/မညန(နိုင်) ၀၇၈၀၈၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ១၅၅၊ နွယ်နီလမ်း၊ မြေကွက်အမှတ် (၁၃၁၇/က)၊ ပါမစ်မြေအမျိုးအစား မြေကွက်သည် ဒေါ်ဥမ္မာကြည်အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အဆိုပါ မြေကွက်၏ အကျယ်(၄၀'x၆၀')ရှိမြေကွက်အနက်မှ ပါမစ်မူရင်းခြမ်း(၂၀'x၆၀')မြေကွက်အား အရောင်းအဝယ်စာချုပ် (အရပ်ကတိ)အဆက်စပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံသူ ဒေါ်သန်းစုခိုင်(၁၂/ဒဂမ(နိုင်) ၀၀၈၂၃၁)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်မင်း(၁၂/ခရန(နိုင်)၁၀၉၄၇၇) သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၇၁၉၇၁၀၆၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၆၆၄/B၊ ကွမ်းခြံကုန်းကွင်း၊ ဦးပိုင်အမှတ် ၁၃၁/ခ နှင့် ၁၃၃/ခ(၂၀၂၃-၂၀၂၄ မြေစာရင်းပုံစံ (၈)အရ ၁၃၃/ဃ)ဟု ခေါ်တွင်သည့် အကျယ်(၁.၆၀) ဧကရှိသည့် မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်အဆောက်အအုံတို့အား မြေစာရင်းပုံစံ ၈ ၌ အမည်ပေါက်ပိုင်ဆိုင်၍ လက်ရှိထား အကျိုးခံစားလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူများဖြစ်သည့် ဦးမောင်မောင်ကျော်နှင့် ဒေါ်မော်မော်သိန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိသန္တာ (၁၄/ဘကလ(နိုင်)၂၈၅၄၃၉)သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ မည်သူမဆို မြေနှင့်အိမ်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း စာမှတ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက မြေနှင့်အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL.B) (C.B.L)၊ အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉၇၇၁၉၇၁၀၆၄**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၉၊ ကျော်သူ(၂၀)လမ်း၊မြေကွက်အမှတ်-၇၅၀/က ဟုခေါ်တွင်သောမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ၁ခန်းတည်းဖထပ်တိုက်၏ ပထမထပ်(၂လွှာ) အကျယ်အဝန်း(၁၈ပေ X ၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်း နှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဝယ်ယူပိုင်ဆိုင်အကျိုးခံစားရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း ဒေါ်ဝါဝါကြည်(၁၂/လမတ(နိုင်)၀၁၄၉၇၄)မှ အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော(၁)ဒေါ်ခင်ဆွေသက်(၁၂/ဒဂန(နိုင်)၀၀၁၃၆၂)နှင့် (၂)ဒေါ်ကြည်ကြည်မော်(၁၂/ဗဟန(နိုင်)၀၆၆၃၁၃ )တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါ၍ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး(၇)ရက်အတွင်းပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**(၁)ဒေါ်ခင်ဆွေသက်(၁၂/ဒဂန(နိုင်)၀၀၁၃၆၂)**
**(၂)ဒေါ်ကြည်ကြည်မော်(၁၂/ဗဟန(နိုင်)၀၆၆၃၁၃)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်၁၇၉၄၃)**
**အမှတ်-၇၇ဦးပုညလမ်းနှင့်ဗိုလ်ကြာညွန့်လမ်းထောင့်၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၄၅၅၉၆၈၃၀**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ ထုံးဘိုကျေးရွာ၊ ကွင်းအမှတ် (ပြင်) ဦးပိုင်အမှတ် (N-၇၄)၊ မြေဧရိယာ အကျယ်အဝန်း အရှေ့(၁၂၀)ပေ၊ အနောက်(၁၂၀)ပေ၊ တောင်(၄၀)ပေ၊ မြောက်(၄၀) ပေ၊ အကွက်အမှတ်(၁၅- ၁၆) (လက်ရှိမြေပေါ်ရှိအတိုင်းအတာ) မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (အုတ်တံတိုင်းခတ်အပြီးအစီး)တို့ကို ဒေါ်ဆုဝေလွင် (၅/စကန(နိုင်)၁၈၁၅၃၄) တို့ထံမှ ဒေါ်ဝါဝါထွန်း (၉/မမန(နိုင်)၀၇၈၆၇၄)က (အရပ်ကတိစာချုပ်) ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ဝါဝါထွန်း ၉/မမန(နိုင်)၀၇၈၆၇၄**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးဇော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ် ပြင်ဦးလွင်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၇)၊ မြေတိုင်းအမှတ်(၃)၊ အနော်ရထာလမ်း၊ အမှတ်(၄၅၇)ဟု ခေါ်တွင်သည့် (၄၀ပေx၆၀ပေ)ရှိ ခြံမြေကွက်သည် မီးဘေးကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် တည်ဆောက်ရေးကော်မတီ၊ ပဲခူးမြို့မှ ဒေါ်စောတင်အမည်ဖြင့် နေရာချထားပေးသည့် မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်တို့အား အရပ်စာချုပ် အစဉ်အဆက်ဖြင့် တရားဝင်ပိုင်ဆိုင် လက်ဝယ်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ဝေ(ဘ) ဦးတင်အောင် ၇/ပခန(နိုင်)၁၈၄၈၁၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးဦး ၇/သနပ(နိုင်)၁၂၈၈၂၀မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဆန်းယု(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၀၅)**
**အမှတ်(၁၆၄၄)၊ ဆိုရှယ်လစ်(၁၇)လမ်း၊ ရှင်စောပုရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉- ၄၂၈၁၂၃၉၃၃၊ ၀၉-၆၉၅၁၂၃၉၃၃**

## အမည်မှန်

လားရှိုးမြို့၊ အထက (နောင်မွန်) ကျောင်းတွင် ပညာသင်ကြားနေသော Grade-3 ကျောင်းသား မောင်စိုးဗဟာဒူး အမည်မှန်မှာ မောင်အွမ်းဗဟာဒူးဖြစ်ပြီး Grade-5 ကျောင်းသား မောင်စိုးဗဟာဒူး ၎င်းတို့၏ဖခင်အမည်မှန်မှာ ဦးရာချ်ကူမား ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးထန်းဒိုခုပ်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၇)Grade-8(အောင်)မှ မောင်ဂင့်မွန်မွားင်၏ အမည်မှန်မှာ မောင်ဂင့်မွန့်မွှောင် ဖြစ်ပါကြောင်း။ **မောင်ဂင့်မွန့်မွှောင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်(ခ)၊ မြေကွက်အမှတ်-၂၂၀(ခ) ဟုခေါ်တွင်သော (၂၀x၆၀)ပေ၊ (၀.၀၂၇၅)ဧက အကျယ် အဝန်းရှိ (၅-၆-၁၉၉၈)ရက်စွဲဖြင့် မြေငှားစာချုပ်အမှတ် (အစ-၉၁/၉၈)၊ အမှုတွဲအမှတ် (အစ-၁၃၉/၉၇) အရ ဦးတင်ရွှေအမည်ဖြင့် နှစ်(၆၀)ဂရန်ရရှိထားသော ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ်(၁)လုံးအပါအဝင် အဆိုပါအိမ်နှင့်ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိပါသည်ဟု တာဝန်ယူအဆိုပြုသည့် ဒေါ်ရတနာဦး(ဘ)ဦးမြသိန်း၊ ၅/ဒပယ(နိုင်) ၀၁၀၃၂၈ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသိန်းမြင့်(ဘ)ဦးဟာဝါ၊ ၁၂/လမတ(နိုင်) ၀၁၉၅၆၉ က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇေယျာဘုန်းမောင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၄၆၀/၁၀-၁၁-၂၀၁၆)**

**ဒေါ်လှမြတ်သူ(LL.B,D.B.L,D.I.L) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၉၇၃/၁၃-၁၁-၂၀၁၈)**

**(အမှတ်(၄၃၃)၊ မှော်ကန်(၁၉)လမ်း၊ ပုဏ္ဏားစုရပ်ကွက်၊ ပဲခူးမြို့။) ၀၉ - ၄၂၈ ၁၂၃ ၉၄၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ် (စ-၂/ ပ ဒေသာ)၊ ဦးပိုင်အမှတ်(၂၀)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးရဲမင်းထွဋ် ၁၃/နဆန(နိုင်) ၀၇၄၄၆၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/40715, SUZUKI SMASH -112,M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထွန်း ၇/ပမန(နိုင်)၁၇၆၂၉၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 58W/61311, Star Sky-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထိုက် ၇/ရတန(နိုင်)၀၈၇၀၇၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၆၂၃၆၅, Honda Alpha-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာလတ်က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/အဘိရာဇာ၊ ဦးပိုင်အမှတ် ၁၀၂၊ ဧရိယာ ၀ဒသမ ၁၄၇ ဧကရှိ ဒေါ်ခင်စန်းမြင့်၊ ဦးကိုကိုကြီး၊ ဒေါ်ခင်စန်းတင့်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဒေါ်ခင်စန်းမြင့်၊ ဦးကိုကိုကြီး၊ ဒေါ်ခင်စန်းတင့်(ဘ) ဦးဟန်ထွန်း၊ ၉/တကန(နိုင်)၀၁၁၇၁၄ ၉/တကန(နိုင်)၀၀၆၄၀၈၊ ၉/တကန(နိုင်)၀၀၆၇၆၈ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဒေါ်ခင်စန်းတင့် (ဘ)ဦးဟန်ထွန်း ၉/တကန(နိုင်) ၀၀၆၇၆၈နှင့် မှတ်ပုံတင်စွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/သူရိယ၊ ဦးပိုင်အမှတ် ၁၂၄ᵃ၊ဒေါ်တင်ရီ (ဘ)ဦးနှင်းမောင် ၉/တကန(နိုင်)၀၀၇၁၀၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ဧရိယာ (၀.၁၈၈)ဧကအနက်မှ ဧရိယာ (၀.၀၄၇) ဧကအား ဦးကျော်မျိုးနိုင်၊ ဒေါ်ခိုင်ခိုင်ဦး (ဘ)ဦးကျော်ကျော်ထူး၊ ဦးမင်းအောင် ၉/တကန(နိုင်)၂၀၁၈၀၁၊ ၉/တကန(နိုင်)၁၃၉၁၀၇ တို့နှင့် ဦးပိုင်ခွဲမှတ်ပုံတင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(1-B)၊ လူနေရပ်ကွက်အမှတ်- မြစိမ်းရောင်၊ မြစိမ်းရောင်အိမ်ရာအပိုင်း(၂)၊ အနော်ရထာစက်မှုဇုန်၊ မြစိမ်းရောင်လမ်း၊ မြေကွက်အမှတ်(၁၉၆၊ ၁၉၇)၊ မြေကွက်(၂)ကွက်၊ မြေကွက်တစ်ကွက်လျှင် (၀.၂၂၀) ဧက၊ (၈၀x၁၂၀)၊ (၉၆၀၀)စတုရန်းပေအကျယ်စီရှိ မြေကွက်(၂)ကွက်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးကြီးစိန် (ခ)ဦးကြည်စိန်(ခ) ဦးလိုင်စွန်စိန်အမည်ဖြင့်မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန် အမျိုး အစား မြေကွက်(၂)ကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက် (၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးစိုးသင်း(၉/မရမ(နိုင်)၀၃၇၀၉၆)မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဖြစ်သည့် ဦးလိုင်နီးယာန်ထန်(၄/မတပ(နိုင်)၀၃၉၅၈၆)ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်းတိကျ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်မွန်**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၆၀၅/၂၀၁၅ )**
**တိုက် (၄)၊ အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈) မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 26W/3690, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းနေခြည်ငြိမ်း ၃/ကကရ(နိုင်) ၁၄၂၅၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကော့ကရိတ်)**
**ကော့ကရိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ အေးရိပ်သာ(၅)လမ်း၊ မြေကွက်အမှတ်(၇၅၈/က)၊ မြေပေအကျယ်ဧရိယာ(၀ဒသမ၀၂၇၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မေနိုင်သိန်းထူး ၁၂/လမန(နိုင်)၁၃၂၅၉၆ က ယင်းမြေကွက်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဖခင်အမည်မှန်

